# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်၊ စနေနေ့။ Saturday, 22 July 2023 ၁၁၁၆၄


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဓမ္မရာဇကဘုရားသို့ ဘုရားဖူးလာရောက်ကြသူများကို တွေ့ရစဉ်။

## ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးများ နေ့စဉ်ဝင်ရောက်လျက်ရှိ

ညောင်ဦး ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တစ်ရက်လျှင် ဘုရားဖူး ၂၀၀၀ ခန့် လာရောက်လျက်ရှိကြောင်း ညောင်ဦးမြို့နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ) တာဝန်ရှိသူများထံမှ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်လျက်ရှိရာ စနေ၊ တနင်္ဂနွေရက်များတွင် ဘုရားဖူးလေ့လာရေးလာရောက်သူ ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။ ဘုရားဖူးလာရောက်သူများသည် သမိုင်းဝင်အထင်ကရဘုရားများ ဝင်ရောက်ဖူးမြော်ခြင်းများအပြင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ နံရံဆေးရေး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**

**ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်**

စာမျက်နှာ » ၅

**ကြိုတင်ပြင်ဆင် အောင်ပွဲဝင်၊ စုပေါင်းညီညာ အောင်ကြောင်းဖြာ**

ဆောင်းပါး စာမျက်နှာ » ၆


## ဆိပ်ဖြူမြို့နယ်၌ ကုန်းမြေစိုက်ပျိုးတောင်သူများ မိုးသီးနှံများ စတင်စိုက်ပျိုး

ဆိပ်ဖြူ ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ကုန်းမြေစိုက်ပျိုးတောင်သူများ ဇူလိုင်လအတွင်း မိုးရွာသွန်းသည့်အတွက် မိုးသီးနှံများကို စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍



ကြေးမုံ

# မူလအခြေအနေထက်သာလွန်အောင်ကြိုးပမ်း

မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် အများနှင့်သက်ဆိုင်သည့် ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံ၊ ရုံးဌာနအဆောက်အအုံများကို ဦးစားပေးအနေဖြင့် အမြန်ဆုံးပြန်လည်ပြင်ဆင်တည်ဆောက်ရန်နှင့် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် နိုင်ငံတော်အကြီးအကဲက တိုက်တွန်းပြောကြားထားသည်။

မုန်တိုင်းဒဏ်သင့်ခဲ့သည့် ရခိုင်ပြည်နယ်ရှိဒေသများအား နိုင်ငံတော်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက အားတက်သရော ကြိုးပမ်းဆောင်ရွက်မှုများကြောင့် မုန်တိုင်းဖြစ်ပွားပြီး နှစ်လကျော်သည့်ကာလတွင် အတိုင်းအတာတစ်ခုအထိ ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ခဲ့သည်။ မိုခါမုန်တိုင်းတိုက်ခတ်ပြီးနောက် နိုင်ငံတော်အကြီးအကဲက မုန်တိုင်းသင့်ဒေသများကို မူလအခြေအနေထက် သာလွန်ကောင်းမွန်လာအောင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားချက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ အကောင်အထည်ပေါ်လာရန်အတွက် ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများ ကျန်ရှိသေးသည်။

မေလ ၁၄ ရက်နေ့တွင် ရခိုင်ပြည်နယ်သို့ ဦးတည်ခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကို နိုင်ငံတော်အစိုးရ၏ ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်နိုင်မှုကြောင့် အနည်းဆုံးအရေအတွက်သာ အသေအပျောက်ရှိခဲ့သည်။ သို့သော် အဆောက်အအုံများ တည်ဆောက်ထားမှုအနေအထားနှင့် ခိုင်ခံ့မှုအခြေအနေအရ ပျက်စီးဆုံးရှုံးမှုပမာဏများခဲ့သည်။ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ငွေကျပ် ၅၂၂ ဘီလီယံဖိုးခန့် ဆုံးရှုံးခဲ့သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ ငွေကြေးများကို သုံးစွဲခဲ့ရသည်။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ရပါက လူ့အသက်ဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နိုင်သော်လည်း အဆောက်အအုံများ ဆုံးရှုံးပျက်စီးမှုများပြားနိုင်သဖြင့် အဆောက်အအုံများ တည်ဆောက်ရာ၌ နောင်အခါ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ခံနိုင်ရည်ရှိအောင် စနစ်တကျတည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဆောင်ရွက်နေသည်။ သဘာဝဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းရန် မလွယ်ကူသော သဘာဝဖြစ်စဉ်ဖြစ်သည်။ မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ မုန်တိုင်းဝင်ရောက်နိုင်သည့် အနီးကပ်အချိန်ရောက်မှသာ တိကျသောခန့်မှန်းချက်ကိုရရှိနိုင်သည်။

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် မကြာခဏကြုံတွေ့နိုင်သောနိုင်ငံဖြစ်သည်။ ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များကို သင်ခန်းစာယူ၍ နောင်ကြုံတွေ့လာပါက ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများစွာတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများသာမက ဒေသခံပြည်သူများကလည်း ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ ဥပမာအားဖြင့် အဆောက်အအုံများ တည်ဆောက်ရာတွင် မိုးများသည့်ဒေသများ၊ မုန်တိုင်းကျရောက်နိုင်သည့်ဒေသများတွင် သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိအောင် ဆောက်လုပ်ရမည်ဖြစ်သည်။

အဆောက်အအုံများပြင်ဆင်ခြင်းနှင့်ပတ်သက်၍ လက်ရှိအဆောက်အအုံများပြင်ဆင်ခြင်းနှင့် နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေးအတွက် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ဆောင်ရွက်ပေးသည့်အပိုင်းရှိသလို ပြည်သူများအနေဖြင့်လည်း ဆောင်ရွက်ရမည့်အပိုင်းများရှိသည်။ နိုင်ငံတော်အစိုးရ၏ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးမှုများသာမက ဒေသတွင်းနေထိုင်သူများကလည်း မိမိတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြမည်ဆိုပါက လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်မြန်ဆန်လာမည်ဖြစ်သည်။ သက်ဆိုင်ရာပြည်နယ်အစိုးရနှင့်အတူ ဒေသခံပြည်သူများ အတူဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ကြမည်ဆိုပါက ရခိုင်ပြည်နယ်သည် မူလအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

ဆိုင်ကလုန်းမုန်တိုင်းမိုခါ မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများက အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူအားလုံးအနေဖြင့်လည်း တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသူများ၊ ရခိုင်ပြည်နယ်တွင် လာရောက်တာဝန်ထမ်းဆောင်ကြသည့်ဝန်ထမ်းများသည် နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် ယခင်ပုံမှန်ရပ်တည်ဆောင်ရွက်မှုများထက် ပိုမိုခွန်အားစိုက်ထုတ်ပြီး မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် ရခိုင်ပြည်နယ်ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများကမြို့နယ်များရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာခိုနန်းကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သမ္မိဒ္ဓေါဒယကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်ဟသ်ာတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ရွာမကျောင်းတိုက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ သဒ္ဓမ္မသိဒ္ဓိကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ဓမ္မသုခပရိယတ္တိစာသင်တိုက်နှင့် အင်းစိန်မြို့နယ်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သာသနာ့ရောင်ခြည်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိအကောက်ဝန်မင်းကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ မင်္ဂလာရာမ ရွှေဘိုကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်နှင့် ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်ရှိ လွယ်လုံပညာဗောဓိပရဟိတကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများမှ သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းစိန် အထက(၈)၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသည့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်(၂) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အင်းစိန် အထက(၈)၌ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ကွင်းဆင်းပြုလုပ်ပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီစိုး၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက အဆိုပါကျောင်းရှိ အသက် ၁၀ နှစ်အထက် ကျောင်းသား ၄၆ ဦး၊ ကျောင်းသူ ၄၆ ဦး စုစုပေါင်း ၉၂ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## ကျိုက်ထိုမြို့နယ်၌ စာဖတ်ဝိုင်း ပြုလုပ်

**ကျိုက်ထို ဇူလိုင် ၂၁**




မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်သူများအသင်းတို့ပူးပေါင်း၍ မောင်ခင်မင်(ဓနုဖြူ) ရေးသားသည့် "အမွေခံသူတစ်ယောက်အမွေပေးသူတစ်ရာ"စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ဇူလိုင် ၂၁ ရက်မွန်းလွဲ ၁ နာရီက မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

ဦးစွာ စာပေချစ်သူများအသင်းအဖွဲ့ဝင် ဦးလှထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာဖတ်ဝိုင်းပြုလုပ်သည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာပေချစ်သူများအသင်းအဖွဲ့ဝင် ဦးတင်ထွေးက အဆိုပါစာအုပ်မှ "လူငယ်တွေအတွက် လူကြီးတွေပြင်ဆင်သင့်တဲ့အရာများ"နှင့် "ပညာတတ်ဖို့စာဖတ်ရမည်" ခေါင်းစဉ်များကိုလည်းကောင်း၊ အဖွဲ့ဝင်ဒေါ်တင်ထားအေးက "ဂုဏ်ယူစရာကြိုးစားစရာနှင့်ဖတ်စာကဗျာကြည်နူးစရာ"ခေါင်းစဉ်များကိုလည်းကောင်း၊ အဖွဲ့ဝင် ဒေါ်စန်းစန်းမွန်က "သူငယ်တန်းဖတ်စာထဲကပျော်စရာကဗျာလေးများ" နှင့် "မြန်မာစာကပုံဖော်ပြသောသဘာဝဝန်းကျင်အလှကွက်များ" ခေါင်းစဉ်တို့ကို ဆွေးနွေးပြောကြားကြရာ တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၁၀၀ | ၅၀၄ | ၄,၀၈၂,၇၀၀ |
| MTSH | ၂,၈၀၀ | ၂,၈၀၀ | ၄,၁၅၉ | ၁၁,၆၄၅,၄၀၀ |
| MCB | ၇,၅၀၀ | ၇,၇၀၀ | ၅၂ | ၃၉၉,၇၀၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၄,၂၅၄ | ၆,၄၉၃,၆၅၀ |
| TMH | ၂,၄၅၀ | ၂,၄၀၀ | ၁၁၇ | ၂၈၆,၆၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၁၁ | ၂၆,၉၅၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၂၅၇ | ၁,၂၃၄,၁၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၃၁,၈၃၆ | ၅၄,၁၆၇,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၅ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

**ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဒုတိယဝန်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၆ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးဇင်မင်းထက် အား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းနှင့် ရဲချုပ်တာဝန် ပူးတွဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၇ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းနှင့် ရဲချုပ်တာဝန် ပူးတွဲတာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် အား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ပြီး ရဲချုပ်တာဝန်ကို ပူးတွဲတာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## လက်ရှိခရီးသွားလုပ်ငန်းအခြေအနေများကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးရလဒ်ကောင်းများ ဖော်ထုတ်

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max၊ Kumudra Ballroom ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် တက်ရောက် အမှာစကားပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲ တာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ယနေ့ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲရည်ရွယ်ချက်မှာ ၂၀၂၃ ခုနှစ် ဇွန် ၂၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော (၁/၂၀၂၃) ကြိမ်မြောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေးမှ ပေါ်ထွက်လာသည့် ဆွေးနွေးဆုံးဖြတ်ချက်များကို အခြေခံပြီး ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများကို ဝိုင်းဝန်းညှိနှိုင်းဖော်ထုတ်နိုင်ရန် ကျင်းပခြင်းဖြစ်ပါကြောင်း။

**ရလဒ်ကောင်းများဖော်ထုတ်**

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ခရီးသွားလုပ်ငန်းသည် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိခရီးသွားလုပ်ငန်း အခြေအနေများကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး အတွက် ရလဒ်ကောင်းများ ဖော်ထုတ်ပေးကြရန်ဖြစ်ကြောင်း၊ ရရှိလာသည့် အဖြေများအပေါ် အစိုးရဌာနအဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကကဏ္ဍများက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ စိတ်အားထက်သန်စွာ ပူးပေါင်းပြီး ဆောင်ရွက်မှသာ အောင်မြင်တိုးတက်သည့် ခရီးသွားလုပ်ငန်းကို ဖော်ဆောင်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကျိုးပြုစေမည်ဖြစ်ကြောင်း။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ အဓိကအရေးပါသည့် (Key Tourism Issues) ကဏ္ဍာငါးရပ်ကို ရွေးချယ်ပြီး သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပုဂ္ဂလိကကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးတင်ပြကြမည်ဖြစ်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှ ဖော်ထုတ်ရရှိချက်များအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ အကြံပြုချက်များနှင့်

**စာမျက်နှာ ၄ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်ထံ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက မိုခါ မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေကျပ် သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းစဉ်။

☆ စာမျက်နှာ ၃ မှ
လက်တွေ့အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းများအထိ ထိထိရောက်ရောက် ဖော်ထုတ်ပေးကြရန်နှင့် တက်ရောက်လာကြသူများအနေဖြင့် မိမိတို့သက်ဆိုင်သည့် အခန်းကဏ္ဍများကနေ အားတက်သရော ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများက မိုခါမုန်တိုင်းဒဏ်သင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေကျပ် သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က လက်ခံရယူသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးကြမည့် အကြောင်းအရာများနှင့် အဖွဲ့ငါးဖွဲ့ခွဲ၍ ဆွေးနွေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားဧည့်သည်များ လုံခြုံစွာ ဝင်/ထွက် သွားလာရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာစေရေး၊ ငွေကြေးသုံးစွဲမှုလွယ်ကူအဆင်ပြေစေရေးနှင့် ခရီးသွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ရေး၊ ခရီးသွားလုပ်ငန်းအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဈေးကွက်မြှင့်တင်ရေး စသည့်ခေါင်းစဉ်များဖြင့် အဖွဲ့ငါးဖွဲ့မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရလဒ်များအပေါ် အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေး ပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)နှင့် ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေး ပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလေ့ယာကု၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA) မှ ဒုတိယဥက္ကဋ္ဌဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၃) စဝ်ဆေပိုင်ဖတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေးနွေးကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြသည်။



ယင်းနောက် တက်ရောက်လာကြသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား “ဝ”ပြည်သွေးစည်းညီညွတ်ရေး ပါတီ (UWSP)မှဒုတိယဥက္ကဋ္ဌ ဦးလေ့ယာကုနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ကမ္ဘာ့ရေးရာ၊ မြန်မာ့ရေးရာ၊ တိုင်းရင်းသားရေးရာ စာအုပ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူမှုဖူလုံရေး-ခိုင်မေတ္တာ အထွေထွေရောဂါကုဆေးခန်း(တောင်ကြီး) ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်၊ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး

**တောင်ကြီး ဇူလိုင် ၂၁**

လူမှုဖူလုံရေး-ခိုင်မေတ္တာ အထွေထွေရောဂါကုဆေးခန်း(တောင်ကြီး) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် ကမ္ဘောဇလမ်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့က လူမှုဖူလုံရေး-ခိုင်မေတ္တာ အထွေထွေရောဂါကုဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

**အလှူငွေပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါဆေးခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး(တောင်ကြီး)နှင့် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို တက်ရောက်ပြီး တာဝန်ရှိသူများထံ အလှူငွေများပေးအပ်သည်။



အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် Social Insurance စနစ်အရ လူမှုဖူလုံရေး စီမံကိန်းကို တစ်မျိုးသားလုံး အကျုံးဝင်လာစေရန် မဟာဗျူဟာရည်မှန်းချက် တစ်ရပ်ချမှတ်ပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်းထည့်ဝင်ငွေများဖြင့် နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ငွေလက်ငင်း အကျိုးခံစားခွင့်များ ခံစားရရှိနိုင်စေရန်၊ လက်ရှိတွင် အာမခံစနစ် ခြောက်မျိုးအနက် နှစ်မျိုးကို အကောင်အထည်ဖော်လျက် အကျိုးခံစားခွင့် ၁၅ မျိုးကို ဆောင်ရွက်ပေးလျက်ရှိသည်။ အကျုံးဝင်အာမခံ အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို အလွယ်တကူ လက်လှမ်းမီရယူနိုင်စေရန် ပုဂ္ဂလိကနှင့်ပူးပေါင်း၍ စာချုပ်ဆေးခန်းများ ဖွင့်လှစ်ကာ ကျန်းမာရေးဝန်ဆောင်မှု ထောက်ပံ့ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် Capitation Payment စာချုပ်ဆေးခန်း ၂၆ ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း ၁၄ ခန်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ဝန်ဆောင်မှု ဆောင်ရွက်သည့် စာချုပ်ဆေးရုံ/သားဖွားခန်း ၁၁ ခန်း၊ ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) နှစ်စီးတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ရှမ်းပြည်နယ်တွင် အကျုံးဝင်အာမခံအလုပ်ဌာန ၁၄၈၂ ဌာနနှင့် အကျုံးဝင်အာမခံ အလုပ်သမားဦးရေ ၁၆,၀၇၉ ဦးရှိပြီး အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် မီးဖွားခြင်းဆိုင်ရာ ဝန်ဆောင်မှုကိုထိရောက်လွယ်ကူစွာ ဆောင်ရွက်ပေးနိုင်ရန် လူမှုဖူလုံရေး- ခိုင်မေတ္တာဆေးရုံကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယခုဖွင့်လှစ်ခဲ့သည့် ဆေးခန်း အပါအဝင် ပုဂ္ဂလိကနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိသည့် ဆေးခန်းစုစုပေါင်း ၄၀ ဖွင့်လှစ်ထားရှိပြီး အာမခံအလုပ်သမားများ ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရန် လက်လှမ်းမီသောနေရာများတွင် ဆေးခန်းများ ဆက်လက်တိုးချဲ့ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် အေးသာယာစက်မှုဇုန်ရှိ Myanmar CP စက်ရုံ၌ အကျုံးဝင်အာမခံအလုပ်သမားများအား လုပ်ငန်းခွင်မပျက် ကွင်းဆင်းဆေးဝါးကုသပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့ပြင် အေးသာယာစက်မှုဇုန်ရှိ လူမှုဖူလုံရေးဆေးခန်း(အေးသာယာ)အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၁**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်မှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ယာယီရှင်းလင်းဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားခဲ့ပြီး သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက်(၄)ရပ်ဖြင့် တည်ထားကိုးကွယ်ရေး ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဆိုင်ရာ အချက်အလက်များနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းထည့်သွင်းတည်ဆောက်ထားရှိသည့် သာသနိကအဆောက်အအုံများ၊ ကျောက်စာရုံစေတီတော်များဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ရုပ်ပွားတော်မြတ်ကြီးနှင့် ကြီးမားကျယ်ပြန့်ပြီး ခမ်းနားထည်ဝါလှသည့် ဗုဒ္ဓဥယျာဉ်တော် သာသနာ့နယ်မြေကို တည်ဆောက်ခဲ့ရာတွင် ငွေအင်အား၊ လူအင်အား အများအပြားဖြင့် နေ့မနား၊ ညမအား ကြိုးစား၍ ဗုဒ္ဓဘာသာသာသနာ ရောင်ဝါနေသို့ လင်းစေရေးဆောင်ရွက်ခဲ့ရမှုများကို ရှင်းလင်းပြောကြားရာ၌ ရုပ်ပွားတော်မြတ်ကြီး ဖြစ်လာမည့် စကျင်ကျောက်တော်ကြီး လက်ခံရရှိခဲ့မှုနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ်တွက်ချက်မှုများ ဆောင်ရွက်ခဲ့ရမှု၊ စကျင် ကျောက်တော်ကြီးကို နေပြည်တော်သို့ ရောက်ရှိနိုင်ရေးအတွက် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့ကို အသေးစိတ်တွက်ချက်ဆောင်ရွက်၍ ကြိုးပမ်းသယ်ယူပင့်ဆောင်ခဲ့ရမှု၊ နေပြည်တော်သို့ ပင့်ဆောင်နေချိန်နှင့် တစ်ပြိုင်တည်း၌ပင် နေပြည်တော်သို့ ရောက်ရှိပြီးချိန်၌ စတင်ထုဆစ်မည့်နေရာ၊ ထုဆစ်ပြီးချိန်တွင် တည်ထားကိုးကွယ်မည့်နေရာနှင့် သာသနိကအဆောက်အအုံများ ထည့်သွင်းဆောက်လုပ်နိုင်ရေးတို့အတွက်ကိုလည်း နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဟန်ချက်ညီဖြစ်အောင် ဆောင်ရွက်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီးကို အပိုင်း လေးပိုင်းဖြင့် ခွဲ၍ ထုဆစ်ပုံဖော်နိုင်ရေးစီမံဆောင်ရွက်ခဲ့ပြီး ခေတ်မီ CNC နည်းပညာအသုံးပြု၍ အဆင့်ဆင့် ထုဆစ်ပုံဖော်ဆောင်ရွက်ခဲ့ကာ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်တွင် ထုဆစ်ခြင်းလုပ်ငန်းများအားလုံး ပြီးစီးခဲ့မှု၊ ထို့နောက် ရုပ်ပွားတော်မြတ်ကြီး၏အပိုင်းများကို တွဲဆက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှုနှင့် တစ်ချိန်တည်း၌ပင် ကျောက်စာရုံစေတီစုစုပေါင်းအဆူ ၇၂၀ ကိုလည်း တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ အပိုင်းများကို တွဲဆက်ပြီးနောက် ရတနာ ပလ္လင်တော်ထက်သို့ ပင့်ဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှုနှင့် စေတနာရှင် ရဟန်း၊ ရှင်လူ၊ မိဘပြည်သူများ လှူဒါန်းထားသည့် ဌာပနာတော်များ ထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများကို ကျင်းပခဲ့မှု၊ ရုပ်ပွားတော်မြတ်ကြီးအား ပိဋကတ်တော်လာ အချက်အလက်များနှင့် ညီညွတ်ပြည့်စုံစေရေးအတွက် ဥဏ္ဏာလုံ မွေးရှင်တော် ဓာတ်စီသွင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပခဲ့မှု၊ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်းများ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထား ကိုးကွယ်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ခဲ့မှုများ၊ ဆင်းတုတော်နှင့် ပလ္လင်တော်ထုဆစ်ခြင်းလုပ်ငန်းတိုးတက်မှု မှတ်တမ်းများ၊ ရင်ပြင်တော် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခဲ့မှု မှတ်တမ်းများ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းများအားလုံး ပြီးစီးသည့်အချိန်တွင် မြင်တွေ့ရမည့် အခြေအနေများကို Powerpoint Presentation များ၊ မှတ်တမ်း Video ဖိုင်များ၊ အထူးပြုလုပ်ချက်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့) ခရစ်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်အဆင့် စည်ကားခမ်းနားစွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အနေကဇာတင်လှူပူဇော်ပွဲအခမ်းအနား၌ ပြည်ပနိုင်ငံကိုးခုမှသံဃာတော်အပါး ၇၀ ကျော်သည်လည်း တက်ရောက် အနေကဇာတင်မည်ဖြစ်ပါကြောင်းနှင့် မဟာမင်္ဂလာအခမ်းအနားကြီး ကျင်းပနေမှုများကို ပြည်သူလူထုတစ်ရပ်လုံး ကြည့်ရှုကုသိုလ်ပွားနိုင်ရေးအတွက်လည်း နိုင်ငံပိုင်ရုပ်မြင်သံကြား Channel များမှ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြန်လည်ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါတရားပွားများစွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ရာ ဗိုလ်ချုပ်ဇော်မင်းထွန်းက လက်ခံရယူသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်မှုနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ မြန်မာနိုင်ငံ ဓာတ်ပုံဆရာများအသင်းမှ ဓာတ်ပုံပညာရှင်များ လာရောက်သတင်းရယူခဲ့ကြသည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် တက်ရောက်လာကြသူများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်ကြည့်ရှုဖူးမြော်ကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသခဲ့ကြကြောင်းနှင့် စိတ်ဝင်တစားလေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။





သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသစဉ်။

# ကြိုတင်ပြင်ဆင် အောင်ပွဲဝင်၊ စုပေါင်းညီညာ အောင်ကြောင်းဖြာ


**မောင်လူမွန်(သုတေသန)**

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုသည် နိုင်ငံတိုင်းသာမက လူတိုင်းအထူးဂရုပြုသတိထားရမည့် အကြောင်းအရာတစ်ခုဖြစ်သည်။ ကမ္ဘာကြီးပူနွေးမှုသည် တဖြည်းဖြည်းမြင့်မားလာရာ အနာဂတ်ကာလတွင် ကမ္ဘာကြီးပူနွေးမှုသည် ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုမိုမြင့်မားနိုင်ကြောင်း၊ အပူချိန် ၁ ဒသမ၅ ဒီဂရီစင်တီဂရိတ်မြင့်မားလျှင်ပင် ကမ္ဘာတစ်ဝန်းရှိ ရေခဲတောင်များ အရည်ပျော်နိုင်ကြောင်း၊ ခရစ်နှစ် ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေသန်း ၃၅၀ သည် သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲ ၁၄ ရာခိုင်နှုန်းကျော်မျိုးသုဉ်းပျောက်ကွယ်နိုင်ကြောင်း၊ ပင်လယ်ရေမျက်နှာပြင်သည် ခရစ်နှစ် ၂၁၀၀ ပြည့်နှစ်တွင် ၂၈ စင်တီမီတာမှ ၉၇ စင်တီမီတာအထိ မြင့်တက်နိုင်ဖွယ်ရှိကြောင်း၊ မုန်တိုင်းဒီရေလှိုင်းကြီးများ အများအပြားဖြစ်ပေါ်နိုင်ကြောင်း၊ မိုးခေါင်ရေရှားဒေသများတွင် ပိုမိုခြောက်သွေ့လာနိုင်ပြီး အချို့ဒေသများတွင် မိုးရွာသွန်းမှုများပြားနိုင်ကြောင်း၊ ကာဗွန်ထုတ်လွှတ်မှုပမာဏ ပိုမိုများပြားလာပြီး ပင်လယ်သမုဒ္ဒရာတွင် အက်စစ်ဖြစ်ထွန်းမှုပိုမိုလာနိုင်ကြောင်း UN Intergovern-mental Panel on Climate Change (IPCC) က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများအရ လေ့လာသိရှိရသည်။

World Risk Report 2022 ၏ ခန့်မှန်းချက်များအရ ကမ္ဘာပေါ်ရှိနိုင်ငံ ၁၉၃ နိုင်ငံအနက် ဖိလစ်ပိုင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကိုလံဘီယာနှင့် မက္ကဆီကိုနိုင်ငံတို့သည် ထိခိုက်ဆုံးရှုံးနိုင်ခြေ Risk Index အမြင့်မားဆုံးတွင် ရပ်တည်နေကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ ထိခိုက်ဆုံးရှုံးနိုင်ခြေမှာ ၂၀၂၃ ခုနှစ် ဧပြီလ INFORM risk list အရ အဆင့် ၁၆ ဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံ၏မြေမျက်နှာသွင်ပြင် ပထဝီဝင်သဘာဝနှင့် ရာသီဥတုအခြေအနေအရ သဘာဝဘေးအန္တရာယ်မျိုးစုံ ဖြစ်ပွားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အဆိုပါသဘာဝဘေးအန္တရာယ်များတွင် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ ဆူနာမီဖြစ်ပေါ်ခြင်း၊ မြို့ပြမီးနှင့် တောမီးလောင်ကျွမ်းခြင်းစသည်တို့ပါဝင်သည်။ သဘာဝဘေးအန္တရာယ်များနှင့် လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များကြောင့် လူ့အသက်၊ အိုးအိမ်ပစ္စည်းဥစ္စာများဆုံးရှုံးရခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အခြေခံအဆောက်အအုံများ စသည့်ကဏ္ဍအလိုက် ထိခိုက်ဆုံးရှုံးမှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိပြီး နေ့စဉ်လူမှုဘဝများတွင်လည်း သဘာဝဘေးအန္တရာယ်များ၏ ခြိမ်းခြောက်မှုကို ခံစားနေရသည်။

### သတိပြုကာကွယ် သဘာဝဘေးအန္တရာယ်

၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့က လေတိုက်နှုန်း မိုင် ၁၂၀ မှ မိုင် ၁၃၀ အထိ တိုက်ခတ်ခဲ့သည့် မိုခါဆိုင်ကလုန်းမုန်တိုင်း (Cyclone Mocha) သည် ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း (Cyclone Nargis) အလွန်ကာလတွင် အဖျက်စွမ်းအား အကြီးမားဆုံးမုန်တိုင်းဖြစ်သည်။ နာဂစ်မုန်တိုင်းကြောင့် လူပေါင်းတစ်သိန်းခွဲခန့် သေကျေပျောက်ဆုံးခဲ့ရပြီး လူနေအိမ်နှင့် အဆောက်အအုံ ခုနစ်သိန်းခွဲကျော် ပျက်စီးခဲ့ရသည်။ နာဂစ်မုန်တိုင်းဒဏ်ကို လူဦးရေ ၆ ဒသမ ၅ သန်းကျော် ထိခိုက်ခံစားခဲ့ရသကဲ့သို့ ပျက်စီးဆုံးရှုံးမှုမှာ မြန်မာကျပ်ငွေ ၁၁ ဒသမ ၇ ထရီလီယံအထိ ရှိခဲ့သည်။



(၁၄.၅.၂၀၂၃)ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀)နာရီအချိန် တိုင်းထွာချက်အရ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ (MOCHA)" လမ်းကြောင်းပြမြေပုံ

ယခုတိုက်ခတ်ခဲ့သည့် မိုခါဆိုင်ကလုန်းမုန်တိုင်းသည် ကမ်းရိုးတန်းဒေသများသို့ ဖြတ်ကျော်ဝင်ရောက်ချိန် အလွန့်အလွန်အားကောင်းသည့် မုန်တိုင်း (Extremely Severe Cyclonic Storm) အဆင့်ဖြစ်ပြီး ကုန်းတွင်းသို့ဝင်ရောက်ချိန်တွင်မူ အားပျော့သွားခဲ့သည်။ မိုခါဆိုင်ကလုန်းမုန်တိုင်း၏ သက်ရောက်မှုကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ ခံစားခဲ့ကြရသည်။ မုန်တိုင်း၏အရှိန်ကြောင့် တစ်နိုင်ငံလုံးနေရာအနှံ့အပြား မိုးရွာသွန်း၍ အပူချိန်လျော့ကျခဲ့သည်။ မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများမှာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဇွန်လ ၃ ရက်နေ့စာရင်းအရ လူနေအိမ် ၂၁၃၄၁၈ လုံး၊ ဘာသာရေးအဆောက်အအုံ ၃၁၉၃ ခု၊ တာဝါတိုင် ၁၄ တိုင်၊ ဓာတ်တိုင် ၈၂၁၀၊ စာသင်ကျောင်း ၁၇၁၁ ကျောင်း၊ ဆေးရုံ-ဆေးခန်း ၃၉၄ ခုရှိပြီး သေဆုံးသူ ၁၄၈ ဦး၊ ဒဏ်ရာ ရသူ ၁၃၂ ဦး၊ ကြက်-ဘဲ-ဝက်-ကျွဲ-နွား စသည့်တိရစ္ဆာန် သေဆုံးမှု ၂၉၉၁၈၇ ကောင်နှင့် စိုက်ပျိုးသီးနှံ ဧကပေါင်းများစွာထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

### ဘေးအန္တရာယ် အသိကြွယ် ကြိုတင်ပြင်ဆင်ဆောင်ရွက်မယ်

စင်စစ်အားဖြင့် နာဂစ်မုန်တိုင်းနှင့် မိုခါမုန်တိုင်းတို့မှာ အဖျက်စွမ်းအားချင်း များစွာကွာခြားမှု မရှိလှပါ။ သို့ရာတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏမှာ များစွာကွာခြားကြောင်း မြင်တွေ့ကြရမည်ဖြစ်သည်။ ထိုသို့ထိခိုက်ဆုံးရှုံးမှုနည်းပါးရခြင်းမှာ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သဘာဝဘေးကျရောက်နိုင်ခြေကို အမြဲမပြတ်လေ့လာစောင့်ကြည့်သုံးသပ်၍ ကြိုတင်စီမံခန့်ခွဲမှု၊ ကြိုတင်ပြင်ဆင်မှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်နိုင်မှု၊ ဘေးကျရောက်နိုင်သည့် ဒေသများမှ ပြည်သူများအား ဘေးလွတ်ရာသို့ကြိုတင်ပြောင်းရွှေ့ထားမှု၊ သဘာဝဘေးကျရောက်သည်နှင့် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုစသည့် အစစအရာရာစနစ်တကျ အဆင်သင့်ဖြစ်မှု (Readiness) ကြောင့်ဟုဆိုရမည်ဖြစ်သည်။ မုန်တိုင်းမဖြစ်မီ အရေးကြီးပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ခွဲထားရှိခြင်း၊ မုန်တိုင်းနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တုံ့ပြန်ဆောင်ရွက်ခြင်းကိုကြိုတင်စီမံဆောင်ရွက်နိုင်ခဲ့သည်။ မုန်တိုင်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက အစစအရာရာကြိုတင်တွက်ဆစီမံထားသဖြင့် ထိခိုက်ဆုံးရှုံးနိုင်မှုနည်းပါးရခြင်းဖြစ်သည်။

မိုခါဆိုင်ကလုန်းမုန်တိုင်းနှင့် ပတ်သက်၍ မုန်တိုင်းမကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်း၊ သဘာဝဘေး အရေးပေါ်တုံ့ပြန်ခြင်းလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် မေလ ၆ ရက်နေ့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်၍ လုပ်ငန်းကော်မတီ ၁၂ ခုမှ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း/ ရေ/ လေ) ပါဝင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေးကျင်းပခဲ့သည်။ ထို့နောက် မေလ ၈ ရက်နေ့မှစတင်ကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre) ကို ဖွင့်လှစ်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမျိုးသားကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီးနှင့် အတွင်းရေးမှူးရုံးအဖွဲ့က မုန်တိုင်းဘေးမကျရောက်မီ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေး၊ မုန်တိုင်းကျရောက်ပါက ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ဘေးဖြစ်ပွားပြီး ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ငန်းကော်မတီ ၁၂ ခုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ၂၄ နာရီ အချိန်ပြည့်ဆောင်ရွက်လျက်ရှိသည်။ DMC တွင် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက မုန်တိုင်းအခြေအနေ၊ နိုင်ငံတကာ မိုးလေဝသ Website များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်များ၊ သုံးသပ်ချက်များ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိမှု၊ တည်ဆောက်ထားပြီးဖြစ်သည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ Cyclone Shelter များ၊ လူနှင့်ပစ္စည်းများ ရွှေ့ပြောင်းရန်စီစဉ်ထားရှိမှု၊ ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူရန်စီစဉ်ထားရှိမှု၊ ရေသန့်စင်ကားများစီစဉ်ထားရှိမှု၊ သယ်ယူပို့ဆောင်ရေးအတွက်ယာဉ်၊ ယန္တရားများကြိုတင်စုဖွဲ့ထားရှိမှု၊ Public Health Emergency Operations Centre (PHEOC) ဖွင့်လှစ်ထားရှိမှု၊ ဘေးသင့်ဒေသများတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်ရန် Rapid Response Team (RRT) များစေလွှတ်မှု၊ ဆေးဝါးများပေးပို့မှုနှင့် မုန်တိုင်းအသိပညာပေးမှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီတင်ပြခဲ့ကြသည်။ မုန်တိုင်းကျရောက်ပြီး ပြန်လည်ထူထောင်ရေးကာလတွင်မူ လိုအပ်သည့်ပစ္စည်းများဖြည့်ဆည်းထောက်ပံ့နိုင်ရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် အဓိကထား၍ ဆောင်ရွက်လျက်ရှိသည်။ မိုခါဆိုင်ကလုန်းမုန်တိုင်း အရေးပေါ်တုံ့ပြန်ရေး၊ ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကိုယ်တိုင် စီမံကြီးကြပ်ကွပ်ကဲလျက်ရှိသည်။

အလားတူ မုန်တိုင်းမကျရောက်မီကတည်းက တိုင်းဒေသကြီး/ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) များ ဖွင့်လှစ်၍ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအရေးပေါ်အစည်းအဝေး ၂/၂၀၂၃ ကိုလည်း မုန်တိုင်းကျရောက်သည့် မေလ ၁၄ ရက်နေ့တွင်ကျင်းပကာ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ဘေးအန္တရာယ်ကျရောက်နိုင်သည့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့်

စာမျက်နှာ ၇ သို့ ❖

**"စင်စစ်အားဖြင့် နာဂစ်မုန်တိုင်းနှင့် မိုခါမုန်တိုင်းတို့မှာ အဖျက်စွမ်းအားချင်း များစွာကွာခြားမှု မရှိလှပါ။ သို့ရာတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏမှာ များစွာကွာခြားကြောင်း မြင်တွေ့ကြရမည်ဖြစ်သည်။ ထိုသို့ထိခိုက်ဆုံးရှုံးမှုနည်းပါးရခြင်းမှာ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သဘာဝဘေးကျရောက်နိုင်ခြေကို အမြဲမပြတ်လေ့လာစောင့်ကြည့်သုံးသပ်၍ ကြိုတင်စီမံခန့်ခွဲမှု၊ ကြိုတင်ပြင်ဆင်မှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်နိုင်မှု၊ ဘေးကျရောက်နိုင်သည့်ဒေသများမှ ပြည်သူများအား ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ထားမှု၊ သဘာဝဘေးကျရောက်သည်နှင့် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု စသည့် အစစအရာရာစနစ်တကျအဆင်သင့်ဖြစ်မှု (Readiness) ကြောင့်ဟုဆိုရမည်"**

❖ စာမျက်နှာ ၆ မှ
လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

## တို့ပြည်ထောင်စုအရေးမို့ တို့တွေစုပေါင်းဆောင်ရွက်စို့

မိုခါမုန်တိုင်းဘေးအန္တရာယ်နှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ မိုခါမုန်တိုင်းသင့်ဒေသများဖြစ်သည့် ရခိုင်ပြည်နယ်မှ မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ်မှ လေးမြို့နယ်တို့ကို မေလ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့များတွင် သဘာဝဘေးသင့်ဒေသများ အဖြစ်ကြေညာခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်က မေလ ၁၅ ရက်နေ့တွင် ငွေကျပ်သိန်းပေါင်း ၇၀၀၀၀ နှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ခဲ့ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး (No one left behind) မူနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်စေရေး (Build Back Better) မူတို့နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စေရန် နိုင်ငံတော်အကြီးအကဲက တပ်မတော်မှ အရာရှိကြီးများကို ဒေသအလိုက်တာဝန်ပေးအပ်ခဲ့သည်။ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေး အဆောက်အအုံများ၊ အများပြည်သူအဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခံစားရသည့် ဒေသများစားရေရိက္ခာ ပြတ်လပ်မှုမရှိစေရေး၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်ရေး၊ လမ်းပန်းဆက်သွယ်မှုပုံမှန်ဖြစ်စေရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ရခိုင်ပြည်နယ်တွင် ဆက်သွယ်ရေးကွန်ရက် ပြန်လည်ကောင်းမွန်နေပြီဖြစ်သကဲ့သို့ မုန်တိုင်းကြောင့် ထိခိုက်ခဲ့ရသည့် ကျန်းမာရေးနှင့် ပညာရေးအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အလားတူ ဘေးသင့်သူများအတွက် စားရေရိက္ခာ၊ သောက်ရေသန့်၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်မိုးသွပ်၊ သံ၊ သစ်၊ မိုးကာတဲ၊ တာပေါ်လင်၊ ဖိုက်ဘာရေတိုင်ကီ၊ ရေသန့်စင်စက်၊ ရေသန့်ဆေးပြား၊ ဆေးဝါးနှင့် အာဟာရဖြည့်စွက်စာများ၊ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပြီးဖြစ်သကဲ့သို့ အလုံအလောက်ပို့ဆောင်ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်စီမံမှုဖြင့် ဘေးသင့်ဒေသများတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများက တိုင်းဒေသကြီး / ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ အရေးကြုံက နောက်မကျဘဲ ကျရာတာဝန်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

## နိုင်ငံတကာလှူဒါန်းတာ အရင်းခံကစေတနာ

အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (ASEAN Committee on Disaster Management) နှင့်အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန ASEAN Coordinating Centre for Humanitarian Assistance on disaster management (AHA Centre) ၏ One ASEAN One Response မူအရ ဘေးသင့်ဒေသများအတွက် တာပေါ်လင်များ၊ ယာယီတဲများ၊ အမိုးအကာများ ဆောက်လုပ်ရန်လိုအပ်သည့် ကိရိယာများ၊ ရေပုံးများပါဝင်သည့် ထောက်ပံ့ရေးပစ္စည်းများကို မေလ ၂၀ ရက်နေ့တွင် C–130 လေယာဉ် နှစ်စင်း၊ 3G–878 လေယာဉ် တစ်စင်း စုစုပေါင်း သုံးစင်းဖြင့် ပထမအကြိမ်အဖြစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့သည်။ ပစ္စည်းများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေး မှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ AHA Centre တာဝန်ရှိသူများထံမှ လွှဲပြောင်းလက်ခံခဲ့ကြသည်။ ထို့နောက်ပစ္စည်းများကို အဆိုပါနေ့ညနေပိုင်းမှစ၍ တပ်မတော်လေယာဉ်များဖြင့် စစ်တွေမြို့သို့ ဆက်လက်ပို့ဆောင်ခဲ့ရာ စုစုပေါင်း ခုနစ်ကြိမ် ပို့ဆောင်ခဲ့ပြီးဖြစ်သည်။ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်အပါအဝင် နိုင်ငံတကာက ပေးပို့လှူဒါန်းသည့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်လေယာဉ်၊ မြန်မာ့လေကြောင်း၊ တပ်မတော်ရေယာဉ်၊ အရပ်ဘက်ရေယာဉ်တို့အပြင် မော်တော်ယာဉ်များဖြင့်လည်း နေ့စဉ်သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ ရခိုင်ပြည်နယ်သို့ ရောက်ရှိသည့် ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်သူများ လက်ဝယ်သို့ အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ရောက်ရှိရေး တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မေလ ၁၆ ရက်နေ့မှစ၍ မေလ ၃၀ ရက်နေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် စုစုပေါင်းရေယာဉ် ၁၄ စင်းဖြင့် ကူညီကယ်ဆယ်ရေး ပစ္စည်း ၁၈၅၁၁ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octain 92 ၁၉၉၈၈၆ ဂါလန်အား ပို့ဆောင်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် AHA Centre ၏ စီစဉ်ဆောင်ရွက်မှုဖြင့် အာဆီယံနိုင်ငံများမှ အာဆီယံအရေးပေါ် တုံ့ပြန်ရေးနှင့် စစ်တမ်းကောက်ယူရေးအဖွဲ့ ASEAN Emergency Response and Assessment Team (ASEAN–ERAT) အဖွဲ့ဝင် ၁၄ ဦးပါအဖွဲ့သည် မေလ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တော်မြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်များတွင် လိုအပ်ချက်များကို ကွင်းဆင်းစစ်တမ်း ကောက်ယူခဲ့ကြသည်။ အဆိုပါစစ်တမ်းကောက်ယူမှုတွင် အဓိကကဏ္ဍ ခုနစ်ခုဖြစ်သည့် ဘေးသင့်ဒေသများ၏ အစားအသောက်လုံခြုံမှုနှင့် အာဟာရ၊ အမိုးအကာ အဆောက်အအုံနှင့် အစားအသောက် မဟုတ်သောပစ္စည်းများ၊ ကျန်းမာရေး၊ ပညာရေး၊ ရေ–မိလ္လာနှင့် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ နိုင်ငံတော်ပိုင်အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများဆိုင်ရာ လတ်တလောလိုအပ်ချက်၊ ကာလတို၊ ကာလရှည် ဖြည့်ဆည်းဆောင်ရွက်ပေးရန် တင်ပြနိုင် ခဲ့သဖြင့် ရခိုင်ပြည်နယ်၏ လိုအပ်ချက်တို့ကို ယေဘုယျအားဖြင့် လွှမ်းခြုံနိုင်သည်ဟုဆိုရမည်ဖြစ်သည်။

## သဒ္ဓါတရားလက်ကိုင်ပြု လှူဒါန်းကြမှုအစုစု

မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်သူများအတွက် ပြည်တွင်း ပြည်ပစေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများ သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းလျက်ရှိရာ ပြည်ပနိုင်ငံအသီးသီး၏ လှူဒါန်းမှုများကို နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်ဆင့် သက်ဆိုင်ရာငွေစာရင်းသို့ လွှဲပြောင်းလှူဒါန်းလျက်ရှိသည်။ မိုခါဆိုင်ကလုန်းဘေးသင့်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုကြသည့် ပြည်တွင်း ပြည်ပစေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA–011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA–0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်သည်။ ထို့အပြင် KBZ Pay၊ CB Pay၊ AYA Pay၊ WAVE Money နှင့် OK $ ငွေပေးချေမှုစနစ်များဖြင့် QR Code အား Scan ဖတ်ခြင်း၊ QR Code အားရိုက်ထည့်၍ လှူဒါန်းခြင်းတို့ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်သည်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ အမည်နှင့် ဖုန်းနံပါတ်တို့ကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြလျက်ရှိသဖြင့် တိုက်ရိုက်ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်မည်ဖြစ်သည်။

> **“ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် အလွန့်အလွန်အားကောင်းသော အဖျက်စွမ်းအားမြင့်မုန်တိုင်းကြီးဖြစ်သည်။ သို့ရာတွင် သဘာဝဘေးတုံ့ပြန်ရေး၊ ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရက စနစ်တကျစီမံခန့်ခွဲကြိုတင်ပြင်ဆင်မှု (Systematic Preparedness)၊ ကြိုတင်ဆောင်ရွက်မှု (Proactive) နှင့် အဆင်သင့်ဖြစ်နေစေမှု (Readiness) တို့ကို လက်ဦးမှု ရယူဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့စနစ်တကျ ထိရောက်သော စီမံခန့်ခွဲမှုနှင့် ပါဝင်ပတ်သက်သူများအားလုံး ဆက်လက်ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် အလွန်ပြင်းထန်ကြီးမားသည့် သဘာဝဘေးအန္တရာယ်ကြီးတစ်ခုဖြစ်သော်လည်း လူသေဆုံးမှုနှင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံး သဘာဝဘေးအဖြစ် သမိုင်းဝင်မှတ်ကျောက်တင်နိုင်ခဲ့”**

## ကြိုတင်သတိပေးထုတ်ပြန်က ချက်ချင်းလိုက်နာ ဆောင်ရွက်ကြ

ဆန်ဒိုင်းမူဘောင်ပန်းတိုင် (၇) SFDRR (Target–G) ဖြစ်သည့် ကြိုတင်သတိပေးစနစ် Early Warning ခိုင်မာအားကောင်းရေးနှင့် ကြိုတင်ပြင်ဆင်မှုများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်စေရေး “Early Warning and Early Action for all” **“ကြိုတင်သတိပေးထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက်အားလုံးအတွက်”**ကို ၂၀၂၂ ခုနှစ်၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာဆောင်ပုဒ်အဖြစ် သတ်မှတ်ခဲ့သည်။

၎င်းဆောင်ပုဒ်သည် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချနိုင်ရန် အရေးကြီးလုပ်ငန်းစဉ်ဖြစ်သည့် ကြိုတင်သတိပေးစနစ်၏ အရေးပါအရာရောက်မှုကို လူတိုင်းသိရှိလိုက်နာဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်သတ်မှတ်ထားခြင်းဖြစ်သည်။ ထို့အပြင် ဘေးအန္တရာယ်မျိုးစုံအတွက် ကြိုတင်သတိပေးချက်များ၊ သဘာဝဘေးဆိုင်ရာ သတင်းအချက်အလက်များကို လူတိုင်းလက်လှမ်းမီရရှိစေပြီး ကြိုတင်ပြင်ဆင်မှုများ စနစ်တကျဆောင်ရွက်နိုင်ရန် ဦးတည်ခြင်းလည်းဖြစ်သည်။

## တားဆီးမရ သဘာဝ၊ ကြိုတင်ပြင်ဆင်အောင်ပွဲဝင်

သဘာဝဘေးကို မည်သူမျှတားဆီး၍မရပါ။ သို့ရာတွင် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကိုမူ လျှော့ချနိုင်သည်။ အဆိုပါလုပ်ငန်းများ၏ အခြေခံအုတ်မြစ်သည် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ဆောင်ရွက်ခြင်းနှင့် အဆင်သင့်ဖြစ်နေစေခြင်းတို့ဖြစ်သည်။ သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးချက် (Early Warning) များကို ဘေးကျရောက်မည့်ဒေသရှိ ပြည်သူလူထုက အချိန်နှင့်တစ်ပြေးညီရရှိပါက ဘေးကင်းစိတ်ချရသည့် နေရာကို အချိန်မီပြောင်းရွှေ့ခြင်းဖြင့် အချိန်မီကြိုတင်ပြင်ဆင် (Early Action) ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခုအလွန့်အလွန်အားကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရက နိုင်ငံတကာသဘာဝဘေးစီမံခန့်ခွဲမှုစနစ်ဖြစ်သည့် (Prospective Risk Management) ခေါ် အနာဂတ်တွင် ဖြစ်လာနိုင်သည့် သဘာဝဘေးကို မြော်တွေးတွက်ဆကာ ကြိုတင်ပြင်ဆင်လုပ်ဆောင်သည့် နည်းစနစ်များနှင့်အညီ လက်ဦးမှုရယူဆောင်ရွက်ခဲ့သဖြင့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် လူသေဆုံးမှုအနည်းဆုံး၊ ထိခိုက်ဆုံးရှုံးနိုင်ခြေအနည်းဆုံးအထိ လျှော့ချနိုင်ခဲ့ခြင်းဖြစ်သည်။

## သဘာဝဘေးလျော့ပါးဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်စို့

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် အမျိုးမျိုး တွေ့ကြုံရနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ မုတ်သုံမဝင်ရောက်မီမေလအတွင်း ယခုကဲ့သို့ အင်အားပြင်းမုန်တိုင်းနှင့် လေပြင်းတိုက်ခတ်မှုများ သာမက မိုးရာသီတွင် ရေကြီးရေလျှံမှုဘေးအန္တရာယ်များ ဖြစ်ပွားတတ်သည်ကိုလည်း အထူးဂရုပြုရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးတုံ့ပြန်ရေးလုပ်ငန်းများကို လူတိုင်းပါဝင်ဆောင်ရွက်မှသာ သဘာဝဘေးကြုံလာလျှင် ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ပြည်သူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း၊ ကြိုတင်ပြင်ဆင်မှုများ စနစ်တကျဆောင်ရွက်ခြင်း၊ နှစ်စဉ်ရာသီအလိုက် ဖြစ်တတ်သည့် သဘာဝဘေးများကို သုတေသနပြုလေ့လာဆန်းစစ်ခြင်းဖြင့် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ထိရောက်နိုင်မည်ဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲရေးအဖွဲ့များ၊ ဒေသခံပြည်သူလူထုများပါဝင်သည့် မုန်တိုင်းဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအရေးပေါ် တုံ့ပြန်မှုနှင့် ဇာတ်တိုက်လေ့ကျင့်မှုတို့ကို ပုံမှန်ဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေး အသိပညာပေးလုပ်ငန်းများနှင့် သင်္ဘာန်တူလေ့ကျင့်မှု၊ ဇာတ်တိုက်လေ့ကျင့်မှုတို့ ဟန်ချက်ညီ လက်တွေ့ဆောင်ရွက်ခြင်းဖြင့် မုန်တိုင်းဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုကို များစွာလျှော့ချနိုင်မည်ဖြစ်သည်။ စင်စစ်အားဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် အလွန့်အလွန်အားကောင်းသော အဖျက်စွမ်းအားမြင့်မုန်တိုင်းကြီးဖြစ်သည်။ သို့ရာတွင် သဘာဝဘေးတုံ့ပြန်ရေး၊ ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရက စနစ်တကျစီမံခန့်ခွဲကြိုတင်ပြင်ဆင်မှု (Systematic Preparedness)၊ ကြိုတင်ဆောင်ရွက်မှု (Proactive) နှင့်အဆင်သင့်ဖြစ်နေစေမှု (Readiness) တို့ကို လက်ဦးမှုရယူဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့စနစ်တကျ ထိရောက်သော စီမံခန့်ခွဲမှုနှင့် ပါဝင်ပတ်သက်သူများအားလုံး ဆက်လက်ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် အလွန်ပြင်းထန်ကြီးမားသည့် သဘာဝဘေးအန္တရာယ်ကြီးတစ်ခုဖြစ်သော်လည်း လူသေဆုံးမှုနှင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးသဘာဝဘေးအဖြစ် သမိုင်းဝင်မှတ်ကျောက်တင်နိုင်ခဲ့ကြောင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ထိရောက်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း **“ကြိုတင်ပြင်ဆင်အောင်ပွဲဝင်၊ စုပေါင်းညီညာ အောင်ကြောင်းဖြာ”**ဟု မှတ်တမ်းတင်ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**ကိုးကား**

- **မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများ**
- **DMC မှထုတ်ပြန်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်းဆိုင်ရာအချက်အလက်များ**
- **အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ နာဂစ်မုန်တိုင်းကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝဘေးကာကွယ်ရေးဆောင်ရွက်ချက် မှတ်တမ်း (ဓာတ်ပုံ) ၂၀၁၁ ခုနှစ် မေလ**
- **World Risk Report 2022**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ၏ (၇)ကြိမ်မြောက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအား လေ့လာရန် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် ဇူလိုင် ၂၁

ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၇)ကြိမ်မြောက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအား လေ့လာရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့အား ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသန်းထွန်း၊ ဦးအောင်စောဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ (၇)ကြိမ်မြောက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲကို ဇူလိုင် ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဦး လိုက်ပါသွားသည်။

အဆိုပါ ရွေးကောက်ပွဲသို့ နိုင်ငံတကာရွေးကောက်ပွဲ လေ့လာသူများအဖြစ် သွားရောက်လေ့လာခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ရွေးကောက်ပွဲစနစ်များ၊ ရွေးကောက်ပွဲ ကျင်းပပုံလုပ်ငန်းစဉ်များ၊ မဲပေးခြင်းလုပ်ငန်းစဉ်များနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်များကို လေ့လာသိရှိရမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုနယ်မြေအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ စိုက်ကေတိုးချဲ့စိုက်ပျိုးရေး၊ သီးထပ်တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ စိုက်ကေတိုးချဲ့ စိုက်ပျိုးရေး၊ သီးထပ်တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက မိုးစပါးစိုက်ပျိုးရာသီတွင် ယခင်နှစ် စိုက်ပျိုးသည့် စိုက်ကေထက်ကျော်လွန်ပြီး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန်လိုကြောင်း၊ မိုးစပါးအပြီးတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာစသည့် သီးနှံများနှင့် ပဲအမျိုးမျိုးကို ဒေသနှင့် ကိုက်ညီပြီး ဖြစ်ထွန်းနိုင်သည့် အနေအထားပေါ်မူတည်၍ စိုက်ပျိုးသွားရန်လိုကြောင်း၊ တစ်နှစ် သုံးသီး မဖြစ်မနေ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း။

ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာတွင် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အရင်းအနှီး စိုက်စရိတ်များကို ထုတ်ချေးပေးလျက်ရှိသကဲ့သို့ တောင်သူများ လိုအပ်လျက်ရှိသော သွင်းအားစုများ အရည်အသွေးပြည့်မီစွာနှင့် အချိန်မီရရှိရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကို သွင်းအားစုများ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ အမှန်တကယ်တိုးတက်အောင် မွေးမြူသွားရန်လိုအပ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် စိုက်ကေ တိုးချဲ့စိုက်ပျိုးရေး၊ သီးထပ်တိုးချဲ့စိုက်ပျိုးရေး လုပ်ငန်းများအပြင် မွေးမြူရေးကဏ္ဍကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်နှင့် မွေးမြူရေးလုပ်ငန်းရှင်များက ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် လက်ရှိဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Paukphaw Scholarship ပညာသင်ဆု ချီးမြှင့်ပွဲနှင့် မြိတ်တက္ကသိုလ် ပါရဂူဘွဲ့သင်တန်း၊ လူငယ်နှင့် လောကနီတိသင်တန်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၁

Paukphaw ပညာသင်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် Naypyitaw State Academy ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပေါက်ဖော် ပညာသင်ဆု ချီးမြှင့်ပေးသော တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (China Foundation for Rural Development–CFRD)ကို ကျေးဇူးတင်ရှိပါကြောင်း၊ ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူ ၁၁၂ ဦးကို ပညာသင်ဆု ပေးအပ်ခြင်းသည် ကျောင်းသား ကျောင်းသူများအတွက် စိတ်ခွန်အားဖြစ်စေကြောင်း၊ CFRD အနေဖြင့် ၂၀၁၆ ခုနှစ်မှ ယနေ့အထိ မြန်မာနိုင်ငံရှိ တက္ကသိုလ် ၁၄ ခုမှ ကျောင်းသား ၁၃၄၈ ဦးကို ပညာသင်ဆုချီးမြှင့်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် Naypyitaw State Academy တို့မှ ကျောင်းသား ကျောင်းသူ ဦးရေ ၈၀၀ တို့ကို ပညာသင်ဆု ချီးမြှင့်ပေးအပ်ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အနာဂတ်ပညာရေး မြင့်မားရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်က အားထားရသော ပညာတတ်လူသားအရင်းအမြစ်များ ဖြစ်လာအောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။




ထို့နောက် တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းမှ Country Director Ms.Lin Yuan က ဝမ်းမြောက်စကား ပြောကြားပြီး ပေါက်ဖော် ပညာသင်ဆုများကို ဒုတိယဝန်ကြီး၊ CFRD မှ Country Director နှင့် Naypyitaw State Academy ဒုတိယပါမောက္ခချုပ် တို့က ပေးအပ်ကြရာ ဘာသာရပ် ၁၂ ခုမှ ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် Naypyitaw State Academy ဒုတိယပါမောက္ခချုပ်က CFRD မှ Program Manager Ms. Yan Tian Jia ထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ပညာသင်ဆုရရှိကြသည့် Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ယနေ့နံနက် ၁၀ နာရီက မြိတ်တက္ကသိုလ်၏ ပထမဆုံးစတင်ဖွင့်လှစ်သော မြန်မာစာ၊ ပထဝီဝင်နှင့် အဏ္ဏဝါသိပ္ပံပညာရပ် ပါရဂူဘွဲ့သင်တန်း၊ လူငယ်နှင့် လောကနီတိသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အွန်လိုင်းမှ တက်ရောက်ပြီး အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၁)ရှိ သတ်မှတ်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသည် နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်၊ အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင် စောင့်ရှောက်နိုင်ရန်နှင့် ရုံးပတ်ဝန်းကျင် စိမ်းလန်းသာယာလှပစေရန် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရတနာတန်းဝင် ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက သတ်မှတ်နေရာများတွင် ကျွန်းပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်နေရာများတွင် စုပေါင်းသစ်ပင် စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ အရာထမ်းအမှုထမ်းများနှင့်အတူ ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၁၀၀၀၀ ကို ဝန်ကြီးဌာနရှိ ရေကန်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပျိုးပင် စုစုပေါင်း ၁၃၆ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၂၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပသည်။

**စိုက်ပျိုးပေး**

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ခရေပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများတွင် ခရေ၊ ကံ့ကော်နှင့် စိန်တစ်လုံးသရက်ပင်များကို ဆက်လက်စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခရေပင်၊ ကံ့ကော်ပင်နှင့် စိန်တစ်လုံး သရက်ပင် စုစုပေါင်း အပင် ၅၅၀ စိုက်ပျိုးခဲ့ကြကြောင်းနှင့် ယခုနှစ် မိုးရာသီကာလအတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ရတနာတန်းဝင်အပင်များ၊ အရိပ်ရလေကာပင်များ၊ နှစ်ရှည်သီးပင်စားပင်များနှင့် အလှပန်းပင်များ စုစုပေါင်း ၄၀၁၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❂ ရှေ့ဖုံးမှ**

ပန်းချီရှိသည့်ဘုရားများအား ဖူးမြော်လေ့လာခြင်း၊ ဘုရားများတည်ဆောက်ခဲ့ပုံ ဗိသုကာလက်ရာများကို လေ့လာခြင်းများလည်း များပြားလာကြောင်း သိရသည်။

ပုဂံဒေသသို့ ဘုရားဖူးလာရောက်သူများသည် ဆုတောင်းပြည့် ပြည့်ငါးပြည့်တွင်ပါဝင်သော ရွှေဆံတော်စေတီရှိ ဆုတောင်းပြည့်ဘုရား၊ တာမဏီသိမ်ကျောင်းရှိ ဆုတောင်းပြည့်ဘုရား၊ ဓမ္မရာဇကဘုရားတောင်ဘက်မုခ်နှင့် အရှေ့ဘက်မုခ်ရှိ ဆုတောင်းပြည့်ဘုရား၊ လောကနန္ဒာစွယ်တော်မြတ်စေတီရှိ ဆုတောင်းပြည့်ဘုရားတို့အား လာရောက်ဖူးမြော်ခြင်း၊ စွယ်တော်မြတ်စေတီများအား ဖူးမြော်လို၍ လာရောက်ကြခြင်းများရှိကြောင်း၊ သမိုင်းအထင်ကရဘုရားများဖြစ်သည့် ရွှေစည်းခုံစေတီ၊ မဟာဌက်ပစ်တောင်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ မဟာဗောဓိဘုရား၊ ရွှေဆံတော်ဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီနှင့် မနူဟာဘုရားများသည် သာမန်ရက်များတွင်ပင် ဘုရားဖူးလာရောက်သူ ပုံမှန်များပြားလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးလာရောက်သူများသည် ပုဂံဒေသသို့ ဓာတ်ပုံအလှပုံရိုက်ကူးရန်လာရောက်ကြခြင်း၊ ခရီးသွားမှတ်တမ်းဗီဒီယိုရိုက်ကူးလို၍ လာရောက်ကြခြင်းများရှိသကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ ဆွမ်း၊ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူလို၍ လာရောက်ကြခြင်းများလည်းရှိကြောင်း သိရသည်။ **ဒီပါလင်း**

**❍ ဆိပ်ဖြူမြို့နယ်မှ**

ဆိပ်ဖြူမြို့နယ်ရှိ ကုန်းမြေစိုက်ပျိုးတောင်သူများသည် နှစ်စဉ် ဇူလိုင်လအတွင်း၌ မိုးသီးနှံများကို စတင်စိုက်ပျိုးကြပြီး အောက်တိုဘာလ၌ ပြန်လည်တူးဖော်ရိတ်သိမ်းကြသည်။ မိုးသီးနှံကုန်းမြေစိုက်ပျိုးတောင်သူများအနေဖြင့် မိုးနည်းရပ်ဝန်းဒေသဖြစ်သည့်အတွက် ရရှိသောမိုးရေချိန်အပေါ်မူတည်၍ ဆီထွက်သီးနှံများဖြစ်သည့် မိုးမြေပဲ၊ မိုးနှမ်းနှင့် ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါများကို အများဆုံးစိုက်ပျိုး ဆောင်ရွက်ကြပြီး ဇွန်လအတွင်း၌ စိုက်ပျိုးမြေပြင်ထွန်ယက်ခဲ့ကာ ဇူလိုင်လလယ်အတွင်း၌ မိုးသီးနှံများ စတင်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုစွဲ(အညာမြေ)**

# ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၇/၂၀၂၃)ကို ယနေ့နံနက် ၁၀ နာရီက ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား (၅၁)လမ်းရှိ မဟာနဝရတ် (ကွန်ဒိုအိမ်ရာ တာဝါ A) အခန်းအမှတ် (၅၂၂/၅၂၃)၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးသည် စာကြည့်တိုက်ပညာသင်တန်းအမှတ်စဉ်(၃)ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးရခြင်းဖြစ်ကြောင်း၊ စာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ်(၃)တွင် ခေတ်မီစာကြည့်တိုက်စီမံခန့်ခွဲမှုအကြောင်း၊ စာစုခြင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှု၊ ရည်ညွှန်းလုပ်ငန်းနှင့် သတင်းအချက်အလက်ဝန်ဆောင်မှုများ၊ စာကြည့်တိုက်ဝန်ဆောင်မှု အစီအစဉ်သစ်များ ဒီဇိုင်းရေးဆွဲခြင်း၊ စာကြည့်တိုက်အလိုအလျောက်စနစ်နှင့် စီမံခန့်ခွဲမှုစနစ်များ၊ ဒစ်ဂျစ်တယ် တတ်မြောက်မှုနှင့် သတင်းအချက်အလက် ရယူမှု၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်ဥပဒေ၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြည်သူ့စာကြည့်တိုက်များ၏ အခန်းကဏ္ဍအကြောင်းတို့ကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးရန် စီစဉ်ဆောင်ရွက်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဦး(ဟိန်းလတ်)က စာကြည့်တိုက်မှူးများ စွမ်းရည်မြှင့်သင်တန်း ပို့ချဆောင်ရွက်ရမည့် အခြေအနေများကို လည်းကောင်း၊ စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးဆန်းဝင်းက စာကြည့်တိုက်မှူးများ စွမ်းရည်မြှင့်သင်တန်း အချိန်ဇယားများနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် ဒေါက်တာခင်လေးစိုးက စာကြည့်တိုက်မှူးများ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်ကဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကိုမှာကြား၍ နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

■

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဆန်နှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ အသိပညာပေးဟောပြောပွဲများဆောင်ရွက်ရေး၊ ခြင်ဆေးဖျန်းခြင်း၊ မိုးစပါး အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေးနှင့် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ရေး ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ရွာမကျေးရွာအုပ်စု ရွာမအမှိုက်ကွင်းနေရာသို့ သွားရောက်ပြီး ဘူးသီးတောင် - တောင်ဘဇာလမ်းဘေး၌ ပိတ်ဆို့နေသော အမှိုက်များအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အလားတူ စစ်တွေမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပျားလည်ချောင်းကျေးရွာရှိ စပါးစိုက်တောင်သူ တစ်ဦး၏ လယ်မြေ ငါးဧကတွင် Gw -11 မျိုးစပါးများအား ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ထို့အတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သော မော်တော်ယာဉ်ဂိတ်မှူးများတွေ့ဆုံပွဲသို့ တက်ရောက် အမှာစကား ပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် ကစ္ဆပသီရိ ကားဝင်းအတွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အလားတူ မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သော ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ကျန်ရှိသည့်ကျေးရွာများသို့ အမြန်ဆုံး ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၁

စစ်တွေမြို့၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိ ကျေးရွာများတွင် ပျက်စီးသွားသည့် ၁၁ ကေဗွီနှင့် ၄၀၀ဗို့ ဓာတ်အားလိုင်းများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေကြသည့်အဖွဲ့များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မုန်တိုင်းအလွန်ကာလတွင် ကျေးရွာများရှိ ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အမြန်ဆုံးပြန်လည်ဖြည့်ဆည်းပေးနိုင်ရေး အခက်အခဲကြားမှ လာရောက်ကူညီဆောင်ရွက်ပေးကြသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံနှုန်းများ ပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးနိုင်ရေး သက်ဆိုင်ရာတာဝန်ခံ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ပူးပေါင်း၍ ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုစိုက်ဆောင်ရွက်ကြရန် မှာကြားသည်။



ထို့နောက် ကျေးရွာများ၌ ဓာတ်အားလိုင်းများ ပြန်လည်တည်ဆောက်နေကြသည့် အဖွဲ့များက လုပ်ငန်းဆောင်ရွက်မှုမြေပြင်အခြေအနေ၊ အခက်အခဲများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို တင်ပြကြပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အထွေထွေမန်နေဂျာ၊ ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် မိုခါမုန်တိုင်းဒဏ်ကြောင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးသွားခဲ့သည့် မြို့နယ် ၁၀ မြို့နယ်ကို ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့်ကျေးရွာများသို့ အမြန်ဆုံး ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်

နေပြည်တော် ဇူလိုင် ၂၁

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှု၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်၏ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် MV. MERCURY FORCE သင်္ဘောသည် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ Ooredoo Myanmar၊ သီရိလင်္ကာနိုင်ငံနှင့် ထိုင်းနိုင်ငံ (Siam Cement Group) တို့မှ ပေးပို့သည့်



သစ်ခွဲသား ၄၇၈ ဒသမ ၅၁ တန်၊ သွပ်အချပ် ၁၈၅၀၊ ဒေါင့်သံ ၈၉ တန်၊ တာပေါ်လင် အချပ် ၃၀၀၊ Solar Lamp အလုံး ၂၀၂၀၊ ဆန်(၆) ပြည်ဝင်အိတ် ၂၀၀၀၊ စားသုံးဆီဘူး ၂၀၀၀၊ ငါးပိ ၂၁ အိတ်နှင့် အဝတ်အထည်များ အပါအဝင် စုစုပေါင်း ကူညီကယ်ဆယ်ရေးပစ္စည်း ၇၅၉ ဒသမ ၂၄၃ တန် တင်ဆောင်၍ ယနေ့ညနေပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၂၁

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော**

# မိုးရာသီ၌ဖြစ်ပေါ်တတ်သော လျှပ်စစ်အန္တရာယ်များ

မောင်မောင်(လျှပ်စစ်)




ခလုတ်တစ်ချက်နှိပ်ရုံဖြင့် အလင်းရောင်အတွက်၊ ချက်ပြုတ်လျှော်ဖွပ်ရေးအတွက်၊ ကုန်ထုတ်လုပ်ငန်းများအတွက်၊ စက်ရုံ၊ အလုပ်ရုံများအတွက် ရာသီဥတုအပူအအေးထိန်းညှိနေထိုင်ရေးအတွက်၊ ဘာသာရေး၊ သာသနာရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးတို့အတွက် နေ့စဉ်သုံးစွဲနေကြသည့် လျှပ်စစ်ဓာတ်အားသည် "သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး" ဟူသောစကားနှင့်အညီ လူတို့အတွက် အဘက်ဘက်မှ အသုံးတည့်သော်လည်း သုံးစွဲရာ၌ သတိလက်လွတ်ဖြစ်မှု၊ ပေါ့ဆမှုတို့ကြောင့် အချိန်မရွေး လျှပ်စစ်အန္တရာယ်ကြုံတွေ့နိုင်သည်။

**ဆွေးမြည့်အက်ကွဲတတ်**

အထူးသဖြင့် ယခုကဲ့သို့ မိုးရာသီ၌ လျှပ်စစ်အန္တရာယ်က ရွာသွန်းလာသောမိုးရေစက်တို့နှင့် အတူစီးမျောကာ လူတို့ကိုဒုက္ခပေးတတ်ပါသည်။ ဖြစ်လေ့ဖြစ်ထရှိသော လျှပ်စစ်အန္တရာယ်များအနက် ဓာတ်တိုင်မှ အိမ်သို့သွယ်တန်းထားသည့် အိမ်သွယ်ဆားဗစ်ကြိုးများသည် နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်တို့ကြောင့် နှစ်ကြာလာသည်နှင့်အမျှ ဆားဗစ်ဝိုင်ယာကြိုးများ၏ ကာဗာပီဗွီစီများသည် ဆွေးမြည့်အက်ကွဲတတ်ပါသည်။

ထိုသို့ဆွေးမြည့်အက်ကွဲနေသည့် ဆားဗစ်ဝိုင်ယာကြိုးသည် ခြောက်သွေ့နေသောအချိန်၌ လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်နိုင်သော်လည်း မိုးရာသီ၌ အဆိုပါဆွေးမြည့်အက်ကွဲနေသော ပီဗွီစီ (ဝိုင်ယာအပြင်ကာဗာ)ထဲသို့ မိုးရေများစီးဝင်ကာ ဆားဗစ်ဝိုင်ယာမှ မီးခိုးများထွက်ခြင်း၊ မီးပန်းမီးပွားထွက်ပေါ်ခြင်းတို့ ဖြစ်တတ်ပါသည်။ အချိန်ကြာလာသည့်အခါ စီးဝင်နေသောမိုးရေတို့ကြောင့် ဆားဗစ်ဝိုင်ယာကြိုးနှင့်အတူ ပူးတွဲချည်နှောင်ထားသောသွပ်နန်းကြိုး(သွပ်ကြိုး)တစ်လျှောက် လျှပ်စစ်စီးကြောင်းဖြစ်ကာ လျှပ်စစ်ဓာတ်အားများ ပျံ့နှံ့နေပါမည်။

အဆိုပါဝန်ထမ်းကြိုးမှတစ်ဆင့် ဝန်ထမ်းကြိုးချည်နှောင်ထားရာဓာတ်တိုင်၊ ဓာတ်တိုင်မှတစ်ဆင့် ဓာတ်တိုင်ထိန်းကြိုး၊ ထိုမှတစ်ဆင့်စိုစွတ်နေသော မြေပြင်တစ်လျှောက် လျှပ်စစ်ဓာတ်စီးဝင်နေမည်ဖြစ်သည်။ အဆိုပါ အိမ်သွယ်ဆားဗစ်ကြိုးဆက်သွယ်ထားသည့် အိမ်၌လည်း လျှပ်စစ်ဓာတ်စီးဝင်နေသော ဝန်ထမ်းကြိုးမှ ရေစိုနေသောသစ်သား၊ ရေစိုနေသောကွန်ကရစ်၊ သွပ်မိုး၊ သံဆန်ခါတို့နှင့်ထိနေပါက ယင်းနေရာတို့၌ပါ လျှပ်စစ်ဓာတ်စီးဝင်နေမည်ဖြစ်သည်။

လျှပ်စစ်အန္တရာယ်ကို ကြိုတင်ကာကွယ်သောအားဖြင့် အန္တရာယ်များသော ဝန်ထမ်းကြိုးကို ဓာတ်တိုင်မှနှစ်ပေအကွာတွင် ဘဲဥပုံကြွေသီးတစ်ခုနှင့် အဆောက်အအုံမှ တစ်ပေအကွာတွင် ဘဲဥပုံကြွေသီးတစ်ခု စုစုပေါင်းကြွေသီးနှစ်ခုခံရန် လျှပ်စစ်ဥပဒေတွင် ပြဋ္ဌာန်းပါရှိပြီးဖြစ်သည်။ ပြဋ္ဌာန်းချက်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြပါက ဆားဗစ်ဝိုင်ယာနှင့် ပူးတွဲချည်နှောင်ထားသော ဝန်ထမ်းကြိုးများကြောင့် ဓာတ်လိုက်မှုမဖြစ်နိုင်ပါ။

**ဓာတ်ကြိုးများပြုတ်ကျတတ်**

ထို့အတူ မိုးကြိုကာလမှစ၍ မိုးရာသီမကုန်မချင်း လေပြင်းတိုက်ခတ်လေ့ရှိရာ လေဒဏ်၊မိုးဒဏ်ကြောင့် ကောင်းကင်ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ကိုင်းကျိုးကျခြင်း၊ သစ်ပင်လဲခြင်း၊ တစ်ခါတစ်ရံ နေအိမ်ဝရန်တာများ၊ တိုက်ခေါင်မိုးများပေါ်၌ ထောင်ထားသော တီဗွီအင်တာနာများ၊ စလောင်းများသည် ကောင်းကင်ဓာတ်အားလိုင်းကြိုး၊ အိမ်သွယ်ဆားဗစ်ဝိုင်ယာကြိုးများပေါ်သို့ ပြုတ်ကျခြင်းတို့ကြောင့် ဓာတ်ကြိုးများ ပြုတ်ကျတတ်ပါသည်။ ပြုတ်ကျနေသော ဓာတ်ကြိုးများသည် ဓာတ်အားမပိတ်မချင်း လျှပ်စစ်ဓာတ်အားရှိနေသဖြင့် ဓာတ်လိုက်နိုင်သည်ကို သတိရှိစေချင်ပါသည်။ ထိုသို့ပြုတ်ကျနေသော ဓာတ်ကြိုးများကို ဓာတ်အားမပိတ်မီအချိန်အတွင်း ထိမိ၊ ခိုက်မိ၊ ကိုင်တွယ်မိ၊ တက်နင်းမိပါက ဓာတ်လိုက်မှု ဖြစ်ပွားတတ်ပါသည်။

သို့ဖြစ်၍ ကျိုးကျနေသော သစ်ကိုင်း၊ လဲကျနေသော သစ်ပင်၊ ပြုတ်ကျနေသောအင်တာနာတိုင်များ၊ စလောင်းများသည် ကောင်းကင်ဓာတ်အားလိုင်း သို့မဟုတ် အိမ်သွယ်ဆားဗစ်ကြိုးများပေါ် တင်နေပါက ကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးကိုသော်လည်းကောင်း ဖယ်ရှားစေခြင်းမပြုလုပ်ရန် အထူးအရေးကြီးပါသည်။ အလွန်အန္တရာယ်များသောကြောင့်ဖြစ်ပါသည်။ သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးသို့ သတင်းပေးပို့တိုင်ကြားပြီး သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများ လာရောက်ဖယ်ရှားသည်ကို စောင့်ရပါမည်။ ထို့အတူ ရေစိုနေသော ဝါးလုံး၊ ရေစိုနေသော သစ်သားချောင်း၊ သံချောင်း၊ သံပိုက်လုံး၊ စတီးချောင်းတို့ဖြင့် ဖယ်ရှားမိပါက ဓာတ်ကြိုးနှင့် မတော်တဆထိမိပြီး ဓာတ်လိုက်ခံရတတ်ပါသည်။ ကျွမ်းကျင်လျှပ်စစ်ဝန်ထမ်းမဟုတ်သည့်သူများကိုလည်း မစေခိုင်းသင့်ပါ။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ ဓာတ်ကြိုးပြုတ်ကျနေသည်ကို တွေ့မြင်သိရှိသူများက သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးများကို အမြန်သတင်းပေးပို့အကြောင်းကြားရန် လိုအပ်သည်။ အကြောင်းကြားချိန်နောက်ကျသည်နှင့်အမျှ ဓာတ်လိုက်မှုအန္တရာယ်ပိုများပါသည်။

> ကျိုးကျနေသော သစ်ကိုင်း၊ လဲကျနေသော သစ်ပင်၊ ပြုတ်ကျနေသော အင်တာနာတိုင်များ၊ စလောင်းများသည် ကောင်းကင်ဓာတ်အားလိုင်း သို့မဟုတ် အိမ်သွယ်ဆားဗစ်ကြိုးများပေါ် တင်နေပါက ကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးကိုသော်လည်းကောင်း ဖယ်ရှားစေခြင်းမပြုလုပ်ရန် အထူးအရေးကြီးပါသည်။ သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးသို့ သတင်းပေးပို့တိုင်ကြားပြီး သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများ လာရောက်ဖယ်ရှားသည်ကိုစောင့်ရပါမည်။ ထို့အတူ ရေစိုနေသောဝါးလုံး၊ ရေစိုနေသောသစ်သားချောင်း၊ သံချောင်း၊ သံပိုက်လုံး၊ စတီးချောင်းတို့ဖြင့် ဖယ်ရှားမိပါက ဓာတ်ကြိုးနှင့် မတော်တဆထိမိပြီး ဓာတ်လိုက်ခံရတတ်

**တားဆီးကာကွယ်**

ပြုတ်ကျနေသောဓာတ်ကြိုးများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူတို့က ဓာတ်အားပိတ်ပြီး လိုအပ်သလို ရှင်းလင်းဖယ်ရှားပေးပါလိမ့်မည်။ တာဝန်ရှိသူတို့မရောက်မီအချိန်အတွင်း ဓာတ်ကြိုးပြုတ်အနီးသို့ မသွားကြရန်၊ ပြုတ်ကျသောဓာတ်ကြိုးကို မကိုင်တွယ်၊ မဖယ်ရှားကြရန်၊ ဓာတ်ကြိုးပြုတ်အနီးတွင် ကလေးများ ဆော့ကစားခြင်းမရှိစေရန် တားဆီးကာကွယ်ဖို့ လိုအပ်ပါသည်။

ပြုတ်ကျနေသောဓာတ်ကြိုးသည် ရေအိုင်၊ ဗွက်အိုင်၊ ရေကန်ထဲသို့ကျနေပါက ဓာတ်လိုက်မှုအန္တရာယ်ပိုမိုကြီးမားသဖြင့် ဖားရှာ၊ ငါးရှာရာမှလည်းကောင်း၊ ကလေးများ ပြေးလွှားဆော့ကစားရင်း ရေအိုင်ထဲဆင်းမိရာမှလည်းကောင်း ဖြစ်ပွားရသည့် ဓာတ်လိုက်မှုအန္တရာယ်များကို နှစ်စဉ်လိုလိုတွေ့မြင်ရပါသည်။

ပြုတ်ကျနေသောဓာတ်ကြိုးကြောင့် ရေထဲ၌ လျှပ်စစ်ဓာတ်စီးဝင်နေသဖြင့် ဓာတ်လိုက်နိုင်သည်ကို သတိရှိစေချင်ပါသည်။ ညအမှောင် သို့မဟုတ် အလင်းရောင်မရှိသောနေရာတွင်ဖြစ်နေပါက သတိပေးမီးအိမ် သို့မဟုတ် ထင်သာမြင်သာအောင် အမှတ်အသားတစ်ခုခု ထားရှိသင့်ပါသည်။ သတိဟူသည် ပိုသည်မရှိ၊ လိုသည်သာရှိသည်။

**လျှပ်စစ်ဓာတ်အား ပိုမိုစီးဝင်နိုင်**

လျှပ်စစ်ဓာတ်အားသည် နွေရာသီ၌ မီးလောင်မှုဖြစ်ပေါ်စေသကဲ့သို့ မိုးရာသီ၌ ဓာတ်လိုက်မှုအန္တရာယ်များဖြစ်စေပါသည်။ ခြောက်သွေ့သော အခြေအနေထက် စိုစွတ်နေသော မြေပြင်၊ စိုစွတ်နေသော အရာဝတ္ထု၊ စိုစွတ်နေသော သစ်ကိုင်း၊ သစ်ပင်၊ ရေအိုင် အစရှိသည်တို့၌ လျှပ်စစ်ဓာတ်အား ပိုမိုစီးဝင်နိုင်သဖြင့် မိုးရာသီကာလ၌ နေ့ရောညပါ သွားသတိ၊ လာသတိဖြင့် လျှပ်စစ်အန္တရာယ်ကို သတိပြုကြစေလိုပါသည်။ အသက်ကိုဉာဏ်စောင့်သည်ဖြစ်ရာ မိမိနှင့်တကွ မိမိတို့မိသားစု၊ မိမိတို့ပတ်ဝန်းကျင်ကို လျှပ်စစ်အန္တရာယ် သို့မဟုတ် ဓာတ်လိုက်မှုအန္တရာယ်မဖြစ်စေရေး ဝိုင်းဝန်းကာကွယ်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။






# စားရေရိက္ခာဖူလုံရေးအထောက်အကူပြု ဟင်းသီးဟင်းရွက်၊ စားပင်သီးပင်နှင့် အိမ်တွင်းအလှစိုက်ပင်များ ပျိုးထောင်ပြုစုခြင်းနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

မုံရွာ ဇူလိုင် ၂၁

စားရေရိက္ခာဖူလုံရေး အထောက်အကူပြု ဟင်းသီးဟင်းရွက်၊ စားပင်သီးပင်နှင့် အိမ်တွင်းအလှစိုက်ပင်များ ပျိုးထောင်ပြုစုခြင်း နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် နှစ်ရှည်သီးနှံများ နေ့စဉ်လုံလောက်စွာ သုံးစွဲနိုင်ရန်နှင့် ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စီးပွားဖြစ်စိုက်ခင်း၊ မိသားစုစိုက်ခင်း၊ ရုံးတွင်းစိုက်ခင်းများ ထူထောင်နိုင်ရေးအတွက် အခြေခံနည်းပညာများအား တာဝန်ရှိသူများက ပြည်သူများအား သင်တန်းများ ပို့ချပေးကြရမည်ဖြစ်ပါကြောင်း၊ စားဖိုဆောင်သီးနှံနှင့် အလှစိုက်ပန်းမန်များအား မိသားစုတစ်ပိုင်တစ်နိုင်၊ တစ်အုပ်တစ်မ စိုက်ပျိုးပြီး စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်နိုင်ရန်ရည်မှန်းကာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းနည်းပြများက ဟင်းသီးဟင်းရွက်များ ပြုစုပျိုးထောင်ခြင်း၊ နှစ်ရှည်ပင်များ ပြုစုပျိုးထောင်ခြင်း၊ အလှစိုက်ပန်းပင်များ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်မည်ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ မှိုနှင့် အိမ်တွင်းအလှစိုက်ပန်းမန်များ သုတေသနပညာပေးစင်တာသို့ ရောက်ရှိရာ စင်တာအတွင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေး ဒီပလိုမာပထမနှစ်သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ငါးလုပ်ငန်းသိပ္ပံတွင် တက်ရောက်လိုသူများသည် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းသို့ တက်ရောက်ခွင့်ရရှိသူသည်(၃)နှစ်သင်တန်း တက်ရောက်ရမည်ဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်း အောင်မြင်ပါက ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာအောင်လက်မှတ် (Diploma in Fisheries and Aquaculture) ပေးအပ်မည်ဖြစ်ပါသည်။ ဒီပလိုမာသင်တန်း အောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီသူများကို ရန်ကုန်တက္ကသိုလ်တွင် B.Sc( Fisheries and Aquaculture) သင်တန်းတက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်ရက်(၃၀-၉-၂၀၂၃)ရက်နေ့တွင် အသက်(၂၂)နှစ်ထက် မကြီးသူ ဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူအောက်ဖော်ပြပါအထောက်အထားများပူးတွဲတင်ပြရမည် -
- (က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီးထောက်ခံချက် (မူရင်း)
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်း(မိတ္တူ) (ကျောင်းအပ်နှံသည့်အချိန်တွင် မူရင်းတင်ပြရမည်)
- (ဂ) မွေးသက္ကရာဇ်မှန်ကန်ကြောင်းထောက်ခံချက် (သက်ဆိုင်ရာကျောင်းအုပ်ကြီးထောက်ခံချက်)
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းနှင့် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)
- (င) လျှောက်ထားသူနှင့်မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား (မိတ္တူ)
- (စ) လိုင်စင်ဓာတ်ပုံ (အောက်ခံအပြာရောင်ဖြင့်) (၅)ပုံ (၁.၁ x ၁.၃) လက်မ

၅။ လျှောက်လွှာများကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်/ ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး) သို့ (၃၀-၉-၂၀၂၃) ရက်နေ့ထက်နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ တက်ရောက်ခွင့်ရရှိသူအမည်စာရင်းနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)မှ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၁၀၈၄၇၂၊ ၀၆၇-၄၁၀၈၄၇၃၊ ၀၉-၇၉၁၃၄၄၇၇၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝင်ခွင့်လျှောက်လွှာ(ပုံစံ)**

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)**
**ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာဝင်ခွင့်လျှောက်လွှာ**

**ဓာတ်ပုံ**

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | | လူမျိုး/ဘာသာ | အလုပ်အကိုင် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | | | |
| | အင်္ဂလိပ် | | | | |
| ဖခင် | | | | | |
| မိခင် | | | | | |
| မိဘများကွယ်လွန်ပြီးဖြစ်ပါက အုပ်ထိန်းသူ | | | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် ---------------ခုနှစ်၊ --------------- လ၊ --------------- ရက်။
၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်ခုံအမှတ်------------၊ စာစစ်ဌာန------------၊ တိုင်းဒေသကြီး/ပြည်နယ် -------------။
၄။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ --------------- ဖုန်း --------------------။

ရက်စွဲ ----------------------------- (လျှောက်ထားသူလက်မှတ်)

# မင်းလှမြို့နယ်၌ အသက်မွေးဝမ်းကျောင်း သင်တန်းပို့ချ

မင်းလှ ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် ဟသ်ာတရွှေမြေ တိုင်းဒေသကြီး တောင်သူလယ်သမားအဖွဲ့အစည်းတို့ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်ပွဲကို ယမန်နေ့က သရက်တပင် လူထုအခြေပြုလေ့လာမှုစခန်း၌ ပြုလုပ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းက အမှာစကားပြောကြားပြီး ဟသ်ာတရွှေမြေ တိုင်းဒေသကြီး တောင်သူလယ်သမားအဖွဲ့အစည်းဥက္ကဋ္ဌ ဒေါ်သူဇာခိုင်က အသက်မွေးပညာများ ဒေသတွင်းကျွမ်းကျင်သည့်ပညာဖြင့် မိသားစု ဝင်ငွေရရှိစေရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သဘာဝမြေဩဇာပြုလုပ်နည်း၊ EM ဆေးရည်ပြုလုပ်နည်း၊ ငါးအမိုင်နိုပြုလုပ်နည်း၊ ကောက်ရိုးမှိုနှင့် ဗေဒါမှိုစိုက်ပျိုးနည်း သင်တန်းတို့ကို တိုင်းဒေသကြီး တောင်သူလယ်သမားအဖွဲ့အစည်းဥက္ကဋ္ဌ ဒေါ်သူဇာခိုင်နှင့် တာဝန်ရှိသူများက စာတွေ့၊ လက်တွေ့သရုပ်ပြသပို့ချဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဝါးခယ်မမြို့နယ်၌ အခြေခံစားသောက်ကုန် ပစ္စည်းများအား ဈေးနှုန်းသက်သာစွာရောင်းချ

ဝါးခယ်မ ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ အခြေခံလူတန်းစားများစားသုံးမှု အဆင်ပြေချောမွေ့စေရန်အတွက် ယနေ့နံနက်ပိုင်းတွင် အခြေခံစားသောက်ကုန်ပစ္စည်းများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်၌ အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့တို့တွင် စည်ပင်သာယာရေးအဖွဲ့ပိုင် အခွန်လွတ်ဈေးအတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအဖွဲ့များက ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၃၀ နှုန်းဖြင့်လည်းကောင်း၊ ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့်လည်းကောင်း၊ ဆီတစ်ပိဿာလျှင် ငွေကျပ် ၄၄၀၀ နှုန်းဖြင့်လည်းကောင်း၊ ဟင်းသီးဟင်းရွက်များကိုပါ ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဟိန်းထက်လင်း(ပြန်/ဆက်)

# ထိုင်းနိုင်ငံ၏ ရှေ့သို့လှမ်းချီပါတီက အစိုးရသစ်ဖွဲ့ရာတွင် ညွန့်ပေါင်းမိတ်ဖက် ဖွေထိုင်းပါတီအား ဦးဆောင်နေရာမှ ပါဝင်ဆောင်ရွက်ခွင့်ပြုသွားမည်

**ဗန်ကောက် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံ၏ ရှေ့သို့လှမ်းချီပါတီက အစိုးရသစ်ဖွဲ့ရာတွင် ညွန့်ပေါင်းမိတ်ဖက် ဖွေထိုင်းပါတီအား ဦးဆောင်နေရာမှ ပါဝင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ယနေ့ပြောကြားသည်။

**အခက်အခဲအကျပ်အတည်းများ ကြုံတွေ့ခဲ့**

ရှေ့သို့လှမ်းချီပါတီခေါင်းဆောင် ပီတာလင်ဂျာရိုအန်ရတ်ကို ဝန်ကြီးချုပ်ရာထူးနေရာအတွက် ရွေးကောက်ရာတွင် အခက်အခဲ အကျပ်အတည်းများ ကြုံတွေ့ခဲ့ပြီးနောက် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရှေ့သို့လှမ်းချီပါတီသည် လာမည့်ပါလီမန် ရွေးကောက်ပွဲတွင် ဖွေထိုင်းပါတီမှကိုယ်စားလှယ်တစ်ဦးကို ဝန်ကြီးချုပ်အဖြစ် အမည်စာရင်း တင်သွင်းမည်ဖြစ်ပြီး မဟာမိတ်ပါတီရှစ်ပါတီဖြင့် အစိုးရအဖွဲ့ဖွဲ့စည်းသွားမည်ကိုလည်း ထောက်ခံပါကြောင်း ရှေ့သို့လှမ်းချီပါတီအတွင်းရေးမှူးချုပ် ချိုင်သာဝတ်တူလာတွန်က ပြောကြားသည်။



ညွန့်ပေါင်းအဖွဲ့မှ ပါတီများသည် ဝန်ကြီးချုပ်ရာထူးနေရာအတွက် အောက်လွှတ်တော်အမတ်များနှင့် အထက်လွှတ်တော်အမတ်များထံမှ ထောက်ခံမှုရရှိရန် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဖွေထိုင်းပါတီခေါင်းဆောင် ချိုလ်နန်ဆရီကာရော်က သီးခြားသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ရှေ့သို့လှမ်းချီပါတီသည် မေလအတွင်း ကျင်းပခဲ့သည့် ထိုင်းနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် အောက်လွှတ်တော်၌ အကြီးဆုံးပါတီအဖြစ် ထွက်ပေါ်လာခဲ့သည်။ ၎င်းသည် ဖွေထိုင်းပါတီ အပါအဝင် အတိုက်အခံအခြားပါတီငယ်များနှင့် ညွန့်ပေါင်းအဖွဲ့ဖွဲ့စည်းကာ ဝန်ကြီးချုပ်ရာထူးနေရာအတွက် ကြိုးပမ်းလျက်ရှိသည်။

ဇူလိုင် ၁၉ ရက်က ပီတာလင်ဂျာရိုအန်ရတ်ကို ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ရန် ဒုတိယအကြိမ် မဲခွဲဆုံးဖြတ်မှုကို ပါလီမန်က ပယ်ချခဲ့သည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း ပါလီမန်၌ ပီတာလင်ဂျာရိုအန်ရတ်ကို ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ရန် မဲခွဲဆုံးဖြတ်ရာတွင် လိုအပ်သည့်ထောက်ခံမဲအရေအတွက် မရရှိခဲ့သည့်အတွက် နောက်ထပ်တစ်ကြိမ် အမည်စာရင်းတင်သွင်းမှုကို ပါလီမန်က ပယ်ချခဲ့ခြင်းဖြစ်သည်။

ဇူလိုင် ၂၇ ရက်တွင် ပါလီမန်က ဝန်ကြီးချုပ်သစ် ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်



# ကမ္ဘောဒီးယားပြည်သူ့ပါတီ၏ မဲဆွယ်စည်းရုံးပွဲ ကျင်းပ

**ဖနောင်ပင် ဇူလိုင် ၂၁**

ဇူလိုင် ၂၃ ရက်တွင်ကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံ အထွေထွေရွေးကောက်ပွဲအတွက် ကမ္ဘောဒီးယားပြည်သူ့ပါတီ၏ မဲဆွယ်စည်းရုံးပွဲကို ယနေ့ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့သည် နိုင်ငံရွေးကောက်ပွဲအတွက် နောက်ဆုံးမဲဆွယ်စည်းရုံးခွင့်ရှိသည့်နေ့ဖြစ်သည်။

**ပြောကြား**

ရွေးကောက်ပွဲတွင် မိမိတို့ပါတီအနိုင်ရရှိခဲ့ပါက ပင်တဂွန်မဟာဗျူဟာအဆင့်-၁ ကို ၂၀၂၃ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကာ ယင်းမဟာဗျူဟာအရ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံကို ဝင်ငွေမြင့်မားသည့်နိုင်ငံဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားပြည်သူ့ပါတီ၏ ဝန်ကြီးချုပ်လောင်းဖြစ်သူ ဟွန်မာနတ်က ပြောကြားသည်။

၎င်းသည်ဝန်ကြီးချုပ်ဟွန်ဆန်၏ သားအကြီးဆုံးဖြစ်ပြီး ကမ္ဘောဒီးယားပြည်သူ့ပါတီ၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်ဖြစ်သည်။ အခြားနိုင်ငံရေးပါတီများဖြစ်ကြသည့် တော်ဝင်ဖူစင်ပက်ပါတီနှင့် ခမာအမျိုးသားညီညွတ်ရေးပါတီတို့ကလည်း ဖနောင်ပင်မြို့တော်၌ ယနေ့တွင် မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဇူလိုင်၂၃ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲသို့ ပါတီ ၁၈ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၉ ဒသမ ၇ သန်းကျော်ရှိကြောင်း အမျိုးသားရွေးကောက်ပွဲကော်မတီက မှတ်ချက်ပြုသည်။ ပြီးခဲ့သည့်ငါးနှစ်က ကျင်းပသည့် ရွေးကောက်ပွဲတွင် ကမ္ဘော ဒီးယားပြည်သူ့ပါတီက ကိုယ်စားလှယ် ၁၂၅ နေရာစလုံး အနိုင်ရရှိခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# တရုတ်နိုင်ငံက ၂၀၃၀ ပြည့်နှစ်တွင် လပေါ်သို့ခြေချနိုင်ရန် လဆင်းယာဉ်ထုတ်လုပ်

**ပေကျင်း ဇူလိုင် ၂၁**

၂၀၃၀ ပြည့်နှစ်တွင် လပေါ်သို့ တရုတ်အာကာသယာဉ်မှူးများ ခြေချနိုင်ရန်အတွက် အာကာသယာဉ်လွှတ်တင်ရေးဒုံးပျံနှင့် လဆင်းအာကာသယာဉ်တို့ကို တရုတ်နိုင်ငံက တည်ဆောက်နေကြောင်း အာကာသဆိုင်ရာပညာရှင်များက ပြောကြားသည်။

အာကာသယာဉ်လွှတ်တင်ရေးဒုံးပျံ Long March-10 ကို လကမ္ဘာအတွင်းသို့ လဆင်းယာဉ်အဆင်ပြေစွာ ဆင်းသက်နိုင်ရေးအတွက် ပံ့ပိုးနိုင်ရန် ရည်ရွယ်တည်ဆောက်ထားကြောင်း တရုတ်အာကာသသိပ္ပံကော်ပိုရေးရှင်းမှ ဒုံးပျံပညာရှင် ရောင်ယီက မှတ်ချက်ပြုသည်။


ယခုထုတ်လုပ်သည့် ဒုံးပျံအသစ်သည် အာကာသယာဉ်မှူးများနှင့် ကုန်တင်ယာဉ်များကို အာကာသစခန်းသို့ ပို့ဆောင်ရန်အတွက် လုပ်ငန်းများကို လုပ်ဆောင်နိုင်စွမ်းရှိသည်။ ၎င်းဒုံးပျံတွင် တင်ဆောင် လွှတ်တင်မည့် အာကာသယာဉ်သည် ပတ်လမ်း ကြောင်း အလေးချိန် ၂၆ တန်ခန့်ရှိပြီး အာကာသ ယာဉ်မှူး သုံးဦးကို တင်ဆောင်နိုင်သည်။

မော်ဂျူးသုံးခုရှိသော ရှန်ကျိုးအာကာသယာဉ်များနှင့် မတူညီသည့်အချက်မှာ ယခု အာကာသယာဉ်အသစ်တွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး တစ်ပိုင်းမှာ အာကာသယာဉ်တစ်ခုလုံးအတွက် ကွပ်ကဲရေးစင်တာနှင့် အာကာသယာဉ်မှူးများအတွက် နေထိုင်ရန်နေရာဖြစ်သည်။ ကျန်ရှိသောအပိုင်းမှာ လောင်စာနှင့် စွမ်းအင်စင်တာပါဝင်သော ဆားဗစ်မော်ဂျူးဖြစ်သည်။

ယခုထုတ်လုပ်သည့် အာကာသယာဉ်သစ်ကို အခြေခံ၍ တရုတ်နိုင်ငံသည် နိုင်ငံ၏ အာကာသခရီးသွားလုပ်ငန်းအတွက် အာကာသယာဉ်မှူးလေးဦးမှ ခုနစ်ဦးအထိ တာဝန်ထမ်းဆောင်နိုင်မည့် အာကာသယာဉ်ကို တီထွင်လျက်ရှိသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ





# ပါကစ္စတန်နိုင်ငံ၌ မုတ်သုံရာသီကာလအတွင်း ၁၀၁ ဦး သေဆုံး

**အစ္စလာမ်မာဘတ် ဇူလိုင် ၂၁**

ပါကစ္စတန်နိုင်ငံ၌ မုတ်သုံရာသီကာလအတွင်း ၁၀၁ ဦးသေဆုံးပြီး ၁၈၀ ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသား သဘာဝဘေးစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ၅၇ ဦး သေဆုံးပြီး ၁၁၈ ဦးဒဏ်ရာရရှိခဲ့ကာ နေအိမ် ၅၃ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

မြို့တော်လာဟိုး၌ မိုးသည်းထန်စွာ ရွာသွန်းမှုများမှတစ်ဆင့် ဒေသအများအပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။

ပြည်နယ်အတွင်းရှိ ရဝါပန်ဒီမြို့တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် တပ်မတော်သားများကို ဒေသန္တရတာဝန်ရှိသူများက အကူအညီတောင်းခံခဲ့သည်။ နိုင်ငံအနောက်မြောက်ပိုင်းရှိ ခိုင်ဘာပက်တွန်ခွာဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ၂၅ ဦးသေဆုံးပြီး ၄၁ ဦးဒဏ်ရာရခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ ငွေကျပ်သိန်း ၄၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် ငွေကျပ်သိန်း ၄၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် နန့်ခုတ်ကျေးရွာအနီး ကားလမ်း၌ လွိုင်လင်မှ တောင်ကြီးသို့ ဝင်းထွန်းနိုင်(ခ)မျိုးတင့် မောင်းနှင်လာသည့် HIACE ယာဉ်ကို



ဝင်းထွန်းနိုင်(ခ)မျိုးတင့်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၄၅၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၁၂ သိန်းအား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# တရားမဝင် ကျွန်းသစ်၊ လူသုံးကုန်၊ စားသောက်ကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က အင်းတိုင်စစ်ဆေးရေးဂိတ်အနီး၌ ကုန်တင်ယာဉ် တစ်စီးအား ရွာသာကြီး Dry Port သို့ ခေါ်ယူ၍ အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Diamond Non–Woven Interlining ကီလိုဂရမ် ၃၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၉၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး၊ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့က မင်္ဂလာဒုံမြို့နယ် ရန်ကုန် – ပြည်လမ်း မင်္ဂလာဒုံရဲစခန်းအနီး၌ လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၈၉၅၀၀၀) ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မိုင်းတုံခရိုင် တရားမဝင် ကုန်ပစ္စည်းတားဆီးကာကွယ်ရေးအဖွဲ့က မိုင်းတုံ–မိုင်းဆတ်ကားလမ်း ပေါ်ရှိ ကျောက်တောင်အနီး၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ယိုးဒယားစာတန်းပါ အအေးခဲကြက်သားမျိုးစုံ ကီလိုဂရမ် ၅၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် Toyota Probox ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇူလိုင် ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီးသုံး Slim Bag ၄၅ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဘားအံခရိုင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က ဘားအံမြို့ နောင်လုံ တံတား



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Deedo Juice ဘူး ၃၆၀၀၊ ပုဇွန်နှစ်ကောင် လီတာ ၃၆၀၊ Leo Beer ၅၉၇၆ ဘူး၊ Goat Milk ဘူး ၁၈၀၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၈၇၁၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Fuso Bus တစ်စီးနှင့် Voxy တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၈၇၁၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တော ဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၈၇၂ တန်နှင့် အခြားသစ် ၅ ဒသမ ၆၁၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၀၅၄၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၈ ရက်၊ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၂၈၆၅၄၄)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၂၁

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၇-၂၀၂၃ စနေနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ် ဗောဇ္ဈင်္ဂသုတ်၊အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ တည်ထားပူဇော်မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် (အပိုင်း–၂)
- ၀၈:၃၅ ပူတာအိုလွင်ပြင်ပတ်လမ်း
- ၀၉:၄၀ New Future Program
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၃၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၃၀ MRTV National News
- ၁၃:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာမုန်တိုင်း" (အပိုင်း–၃၂)
- ၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ်
- ၁၆:၄၅ ရွှေယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၁၅ ရသစုံစွာ ဤမြေကမ္ဘာ
- ၁၇:၃၀ အသွင်ဆန်းပြားဟိုကျွင်းရွာမှ အာခါလူမျိုးများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဗိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုင်း" (အပိုင်း–၃၃)
- ၁၉:၃၀ တည်ထားပူဇော်မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် (အပိုင်း–၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်) "နောက်ကျချင်ဦးဟ"
- ၂၁:၃၅ ဟိုးတုန်းကကောက်ဆက်ဇာတ်လမ်းများ "သုံးပင်လိမ်"

**mitv**

- 07:02 Evergreen Classic: Aseinnaya (Takkatho Lae Lae)
- 07:08 Weekly Review
- 07:25 Bottle Gourd Painting
- 07:31 Myanma Agarwood
- 07:45 Myanmar Family Life: Nature Connected to Happiness
- 08:01 News
- 08:28 Danu Food: Mone Nyin Saw Dish
- 08:33 Quiz Time (Ep-44)
- 09:52 Palm Resort
- 10:01 News
- 10:25 Children's Delight: Twelve Seasonal Festivals in Myanmar (Waso Month)
- 10:42 Myanmar Traditional Brass Embossed Painting

**MRTV NRC**

**ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
အာဟာရပြည့်အတွေ့ချက်

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
မွန်တို့အလှ မွန်တို့ရိုးရာဝတ်စုံ

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
ထူးဆန်းဖွေရှာရခိုင့်ဓလေ့ရိုးရာ ((အပိုင်း–၂) ငါးလေလံအကြောင်း)

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း–၅)

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
"ဝ" ဥစိုက်ကြမယ်

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ (အပိုင်း–၂)

**ဝကောကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ရှင်သီဝလိငြေတော်ရာသို့ အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
လူသားအားလုံးကျန်းမာဖို့နဂါးမောက်သီးစားကြပါစို့

**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်ရိုးရာဖြစ်တည်ရာ ဝါခေါင်လ ချည်မြှုပ်ပွဲမင်္ဂလာ

**ချင်း(လိုင်ဇို) (၂၂:၀၀ မှ ၂၃:၀၀)**
သဘာဝမြေသြဇာပြုလုပ်နည်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ ရတနာအလားကမ္ဘာယဉ်ကျေးမှုအမွေအနှစ်များ
- ၁၀:၄၅ လူငယ်တို့အတွက်လမ်းပြကြယ် 'မြန်မာ့လက်ရွေးစင်ဝုရှုအားကစားမယ် မစန္ဒီဦးနှင့် တွေ့ဆုံခြင်း'
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၉:၄၅ တည်ထားပူဇော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော် (အပိုင်း–၂)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ပေငပ္ပငွေးချယ်မှု'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
- ၁၀:၃၀ တရားရုံးကဦးဆောင်သည့်စေ့စပ် ဖြေရှင်းရေးစနစ်
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း–၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း–၁)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ အားမာန်ဝင့်ချီ ခေတ်မီမွေးမြူရေး သုတေသနဖွံ့ဖြိုးရေးဆီသို့
- ၀၇:၀၀ ဆေးပတ်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
- ၀၈:၂၅ ကမ္ဘာ့အနံ့ခရီးဆက်တော့မည့်မြန်မာ့ ထန်းလျက်၏ခြေလှမ်းသစ်
- ၀၉:၁၀ မြန်မာ့ဆီအိုးထဲမှနှမ်း
- ၀၉:၅၀ သီးနှံအရည်အသွေးမှန်ကန်နိုင်ရေး နည်းစနစ်ကျကျစိုက်ပျိုးပေး

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း/ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကတ်ဘော အကိုဆေး'
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဆင်းသုခစပါးမျိုး ပျိုးထောင်စိုက်ပျိုးမှုကြည့်ရှုအားပေး တောင်သူများထံသို့ သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်



ပုသိမ် ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာ တောင်သူ ဦးစိုးလှိုင်၏ လယ်မြေ၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး တစ်ဧက ၁၀ တင်းနှုန်း ပိုမိုတိုးတက်ထွက်ရှိရေး အတွက် ဆင်းသုခစပါးမျိုး ပျိုးထောင်စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးပြီး တောင်သူများထံသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငါးတဲစုကျောင်းတိုက် ဓမ္မာရုံ၌ ပြုလုပ်သည့် နွားရေတိုက်ကျေးရွာအုပ်စုအတွင်း မိုးစပါး အကျိုးတူလယ်ယာစနစ်ဆောင်ရွက်မည့် တောင်သူများထံသို့ ယူနိုက်တက်ဧရာဝတီကုမ္ပဏီ (အများနှင့်သက်ဆိုင်သော ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ)မှ စိုက်ပျိုးစရိတ်ပေးအပ်ခြင်းနှင့် ဩဂဲနစ်စိုက်ပျိုးတောင်သူများထံ သဘာဝမြေဩဇာ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။ ထို့နောက် ယူနိုက်တက်ဧရာဝတီကုမ္ပဏီ (အများနှင့်သက်ဆိုင်သော ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ)မှ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဝင် ဦးအောင်မင်းနိုင်က စိုက်ပျိုးစရိတ်ပေးအပ်ခြင်းနှင့် ဩဂဲနစ်စိုက်ပျိုးတောင်သူများထံ သဘာဝမြေဩဇာများ ပေးအပ်ရသည့်အကြောင်းအရင်းများကို ရှင်းလင်းပြောကြားပြီး အကျိုးတူစနစ်ဖြင့် ဆောင်ရွက်မည့် တောင်သူများအား စိုက်ပျိုးစရိတ်များ ထောက်ပံ့ပေးအပ်ရာ အခမ်းအနားသို့ တက်ရောက်လာသော တောင်သူများကိုယ်စား တောင်သူသုံးဦးက လက်ခံရယူသည်။

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန (မြောင်းမြ)၏ သုတေသနအရာရှိ(တာဝန်ခံ)ဒေါ်ဖြူပြာလွင်က ဩဂဲနစ်ပေါ်ဆန်းစပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးတောင်သူများထံ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့သော သဘာဝမြေဩဇာများ လွှဲပြောင်းပေးအပ်ခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့ မအူကုန်းကျေးရွာအုပ်စု ဒေါင့်မှန်ကျေးရွာရှိ ဦးမောင်မောင်သော်၏ "ဇာမဏီ" ပြာစိမ်းနွားမျိုးသန့် မွေးမြူရေးခြံသို့ သွားရောက်၍ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများဖြင့် ဇီဝမြေဩဇာ ထုတ်လုပ်မှု၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှု အခြေအနေများ၊ ရေကြည်မြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း တေဇာသီရိခန်းမ(ပေ ၁၁၀ x ၅၄ ပေ)တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျုံပျော်မြို့နယ် မြေရဲတောင်ကျေးရွာအုပ်စု တောင်သူ ဦးသိန်းတန်၏ လယ်နှစ်ဧက၌ ပြုလုပ်သည့် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးတစ်ဧက ၁၀ တင်းနှုန်း ပိုမိုတိုးတက်ထွက်ရှိရေးအတွက် မျိုးကောင်း၊ မျိုးသန့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ၊ RS to CS မျိုးစေ့ထုတ် စိုက်ခင်းတို့ကို ကြည့်ရှုအားပေးပြီး တောင်သူများအတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သွင်းအားစုများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# သထုံမြို့၌ ကျောင်းသားကျောင်းသူများ စာဖတ်ရှုန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်



သထုံ ဇူလိုင် ၂၁

မွန်ပြည်နယ် သထုံမြို့နယ်တွင် ယနေ့မွန်းလွဲပိုင်းက လိပ်အင်းရပ်ကွက်ရှိ စိန်ကုန်း အခြေခံပညာ မူလတန်း(လွန်)ကျောင်း၌နယ်လှည့် စာကြည့်တိုက် ဖွင့်လှစ်သည်။

နယ်လှည့် စာကြည့်တိုက် လိုက်လံဖွင့်လှစ်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတ တိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ စာဖတ်ရှုန်မြှင့်တင်ရေး အသိပညာပေး လုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသားကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များစသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး၊ စာဖတ်ရှုန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ယင်းမာပင်မြို့၌ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ယင်းမာပင် ဇူလိုင် ၂၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ယင်းမာပင်မြို့တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်အေးက ကလေးအလုပ်သမားအဓိပ္ပာယ်၊ ကလေးလုပ်သားဖြစ်ရခြင်း အကြောင်းအရင်းများ၊ ကလေးသူငယ်များ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသည့် အကြောင်းအရင်းများ၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမား၏ အသက်အရွယ်ကန့်သတ်ချက်များ၊ အန္တရာယ်ရှိသော အလုပ်နှင့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများ အားဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေး စသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ၎င်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၂၀ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Tin Ngwe" အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး နန်းတော်ရာရပ်ကွက်နေ တင်ငွေအား ညနေ ၃ နာရီခွဲအချိန်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

○ **ကျောဖုံးမှ**

ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက် တိုက်စစ်မှူး ထရာအိုရေးက ရရှိသည်။ ယခုပွဲအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက ၁၃ ပွဲကစား ၁၆ မှတ်၊ ဒဂုံစတားအသင်းက ၁၃ ပွဲကစား ၁၄ မှတ် ရရှိထားသည်။ ပွဲစဉ်(၁၃)ဒုတိယနေ့အဖြစ် ဇူလိုင် ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

❖ **ထိုင်းဖိတ်ခေါ်မှ**

ဩဂုတ် ၇ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းအသင်း၊ ဩဂုတ် ၈ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဆော်လမွန်ကျွန်းစုအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ၂၀၂၄ အာရှဖလား ဖူဆယ်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယင်းခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၀ ကျော်ဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ကိုင်တွယ်လျက်ရှိသည်။ **ကိုညီလေး**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်နှင့်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

၂၀၂၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်နှင့်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(Y.T.C)ဘောလုံးကွင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက အင်းစိန်ခရိုင်အသင်းနှင့် တွံတေးခရိုင်အသင်းတို့၏ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းအကောင်းဆုံးဆုရရှိသူများ၊ အသင်းလိုက်ဆုများ၊ တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် အင်းစိန်ခရိုင်အသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖလားဆု၊ ဆုတံဆိပ်များနှင့် ငွေသားဆုများကို ချီးမြှင့်ပေးအပ်ကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြကာ အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

■



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်း အမှတ်စဉ်(၃)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ တက္ကသိုလ်သင်ကြား / စီမံအရာထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**မှာကြား**

သင်တန်းဆင်းပွဲတွင် တာဝန်ခံအဖွဲ့ဝင် ဦးစိုးတင့်က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က သင်ကြားပေးလိုက်သော ပညာရပ်များနှင့် အလေ့အကျင့်ကောင်းများကို လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် ပိုမိုအကျိုးရှိအောင် အသုံးပြုကြရန်နှင့် နိုင်ငံ့ဝန်ထမ်းတိုင်း လိုက်နာရမည့် "ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်း" များနှင့်အညီ ကျရာအခန်းကဏ္ဍမှ ကြိုးပမ်း ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ မိမိတို့ကို ပေးအပ်ထားသော တာဝန်များကို သစ္စာရှိစွာ ထမ်းဆောင်ကြပြီး နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် စေတနာထား၍ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန်နှင့် လုံခြုံရေးသတိဖြင့် မိမိဒေသအလိုက် အထူးဂရုပြုထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။



ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသူများကို ဆုများပေးအပ်ချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၃၀၊ သင်တန်းသူ ၁၁၈ ဦး စုစုပေါင်း ၂၄၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၁၅ ရက်မှ ဇူလိုင် ၂၁ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၁၀ | ၂၃၂၅ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၅ | ၂၈၂၀ |
| 95 Ron | ၂၂၉၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၄၅ | ၂၃၂၅ | ၂၄၂၀ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၈၀ | ၂၆၁၀ | ၂၉၂၀ |
| HSD (500 ppm) | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၂၃၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၂၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၂၃၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၂၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၈ | ၂၁၄၃ |
| 95 Ron | ၂၁၇၉ | ၂၂၅၆ |
| HSD (500 ppm) | ၂၀၅၂ | ၂၁၂၂ |
| HSD (50 ppm) | ၂၁၂၅ | ၂၁၉၇ |
| HSD (10 ppm) | ၂၁၂၅ | ၂၁၉၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၉၂၀ စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၁-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၇-၂၀၂၃)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၁-၇-၂၀၂၃)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၉၂၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၁)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၇၈,၁၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၉၅၇) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ(၂)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၉,၇၃၅)ဦးရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄)ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

သဃ်္ဘန်းကျွန်း ဇူလိုင် ၂၁

သင်္ဃန်းကျွန်းပညာရေး ဒီဂရီကောလိပ် ကြက်ခြေနီအသင်းခွဲနှင့် သဃ်္ဘန်းကျွန်းမြို့နယ် ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း(အခြေခံသင်တန်း) အမှတ်စဉ်(၇/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း ပညာနေခြည်ခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က PPTT အခြေခံသင်တန်းသားထူးချွန်ဆုများအား ဆုချီးမြှင့်ခဲ့ပြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက ဟားခါးပညာရေးဒီဂရီကောလိပ် အခြေခံသင်တန်းသားထူးချွန်ဆုများအား ချီးမြှင့်ပေးခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပြည့်အမှုဆောင် ဒေါက်တာတင်မောင်လှိုင်၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဒုတိယတပ်ဖွဲ့မှူးချုပ် ဦးကျော်မိုးကြည်တို့က (၇/၂၀၂၃) အခြေခံသင်တန်းသားထူးချွန်ဆုများအားဆုချီးမြှင့်ခဲ့သည်။ ၎င်းနောက် သင်္ဃန်းကျွန်းပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က သင်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ်မှ ကြက်ခြေနီသာမန်အသင်းဝင် ၁၁၇ ဦး၏ အဆိုပြုလွှာများပေးအပ်ခဲ့ပြီး အရှေ့ပိုင်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် ဦးထိန်လင်းက (၇/၂၀၂၃)အခြေခံသင်တန်းသား ၁၁၇ ဦးအတွက် ဗလာစာအုပ်များ လှူဒါန်းခဲ့သည်။



ထို့နောက် ခရိုင်ကြက်ခြေနီ တပ်ဖွဲ့မှူးဦးခင်သန်းက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ကာ ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က သင်တန်းနည်းပြများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်ရေးရာဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကာ လူငယ်ရေးရာဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မိုးဦးပန်းခန်းမ၌ ကျင်းပသည်။

**ဟောပြောဆွေးနွေး**

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမိုးက လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗဟန်းမြို့နယ်ပညာရေးမှူး ဦးဌေးဝင်းက လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဗဟန်းမြို့နယ်၊ Book Club အသင်းအဖွဲ့ဝင် စာရေးဆရာ အောင်သင်း (မြတ်ဟိန်းခ)က လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပန်းလောင်မြစ်အတွင်း ငါးကောင်ရေသုံးသိန်း မျိုးစိုက်ထည့်ပေး

မြစ်သား ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မြစ်သားမြို့နယ် ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နွားကူးကြီးကျေးရွာ ပန်းလောင်မြစ်အနီး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဝင်း၊ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်နှင့်ဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက ငါးမြစ်ချင်းသားပေါက်ကောင်ရေ နှစ်သိန်းနှင့် ငါးခုံးမကြီးကောင်ရေ တစ်သိန်း စုစုပေါင်း ငါးကောင်ရေ သုံးသိန်းကို ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## ဂန့်ဂေါမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဂန့်ဂေါ ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ ကျောတိုက်ရပ်ကွက် မြစ်သာခန်းမရှေ့ရှိ လေယာဉ်ကွင်းလမ်း၌ ယနေ့နံနက်ပိုင်းက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့်အဖွဲ့ဝင်များ ဦးဆောင်၍ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ခရိုင်/မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဂန့်ဂေါမြို့နယ်တွင် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာများ၊ လမ်းဘေးဝဲယာများတွင် ဌာနများအစီအစဉ်ဖြင့် တမာပင်များ စိုက်ပျိုးခဲ့ရာ တမာပင် စုစုပေါင်း အပင် ၅၀၀ အား စိုက်ပျိုးပြီးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ၂၀၂၃ ခုနှစ် ဇူလိုင်လ (တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးရွာသွန်းမှုအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၆၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၇ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၂ မီလီမီတာ မှ ၃၃ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း) တို့တွင် ၃၄ မီလီမီတာမှ ၄၄ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၄၅ မီလီမီတာမှ ၅၅ မီလီမီတာအတွင်း ရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့)အခြေအနေ ရှိနိုင်သည်။

မိုး/ဇလ

## နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တို့၌ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၂၁

နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်ရှိ သတ်မှတ်နေရာများ၌ ကျင်းပရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက အဖွင့်အမှာစကား ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းများဖြင့် ဇူလိုင် ၂၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

အနောက်တောင်တိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။



အဆိုပါ စစ်တုရင်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၂၈ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co.,Ltd. မှ တင်သွင်းလာသော MG, MG5 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ် ငါးစီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ **သတင်းစဉ်**



## ပင်းတယမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ပင်းတယ ဇူလိုင် ၂၁

ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ဆရာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးမှူး ဦးခင်ဇော်ထွန်းက ဝမ်းမြောကစကား ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး(ပင်းတယ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူလှိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် လူငယ်စကားဝိုင်းကို ကျင်းပရာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက လူငယ်နှင့်မျိုးချစ်စိတ်၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် စာပေ စသည့် ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးသည်။





ဆွေးနွေးပွဲအပြီးတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ရဲထက်ဦး(ပြန်/ဆက်)**

## မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇူလိုင် ၂၁

ယနေ့ ညနေ ၄ နာရီခွဲတိုင်းထွာချက်အရ နန့်ယင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်အရနန့်ကောင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## သတင်းကြေညာချက်

နေပြည်တော် ဇူလိုင် ၂၁

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P)သည် ကမ်းလွန်လုပ်ကွက်အမှတ် A–3 ဧရိယာတွင် Pre Construction Survey လုပ်ငန်းများအား M.V FUGRO EQUATOR ဖြင့် ဆောင်ရွက်သွားမည့်တည်နေရာကိုဖော်ပြသည့် Coordinateများဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၂ မိနစ် ၅၂.၅၄၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅ မိနစ် ၃၈.၈၀၉၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၂ မိနစ် ၅၅.၀၀၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၂ မိနစ် ၄၉.၃၉၀၅ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၁၁.၂၅၅၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅ မိနစ် ၄၃.၃၉၀၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၁၃.၆၇၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၂ မိနစ် ၅၁.၆၈၁၂ စက္ကန့် တို့အတွင်းတွင် ၂၀၂၃ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်းကို ရေကြောင်း သတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားခဲ့သော်လည်း အဆိုပါနေ့ရက်များတွင် လုပ်ငန်းများမပြီးပြတ်သေးပါသဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်မှ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၅ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

